# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် ၂၀၁၉ ခုနှစ်၊ မေ ၁၀ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၂၂၂)


# အကျဉ်းထောင်များတွင်ဖြစ်ပွားခဲ့သည့် ဆူပူမှုများနှင့်ပတ်သက်၍ ဖြစ်စဉ်မှန် ပေါ်ပေါက်ရေးအတွက် ထိရောက်စွာ စုံစမ်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်**

**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်**

**(၂၀၁၉ ခုနှစ် ၊ မေလ ၉ ရက်)**

၁။ နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးရေးအတွက် သက်ကြီးရွယ်အိုများ၊ နာတာရှည်ကျန်းမာရေးမကောင်းသူများ၊ အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းများ စသည့် အကျဉ်းသား၊ အကျဉ်းသူများအား ရွေးချယ်ရေး မူဝါဒနှင့်အညီ စနစ်တကျစိစစ်ပြီး လွှတ်ပေးခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များကို အကြောင်းပြု၍ ၈-၅-၂၀၁၉ ရက်နေ့တွင် ကလေးအကျဉ်းထောင်နှင့် ဘားအံအကျဉ်းထောင်များတွင် လည်းကောင်း၊ ၉-၅-၂၀၁၉ ရက်နေ့တွင် ရွှေဘိုအကျဉ်းထောင်၊ မြစ်ကြီးနားအကျဉ်းထောင်၊ ထားဝယ်အကျဉ်းထောင်၊ သာယာဝတီအကျဉ်းထောင်နှင့် ပုသိမ်အကျဉ်းထောင်များတွင် လည်းကောင်း အကျဉ်းသားများ ဆူပူမှုများဖြစ်ပွားခဲ့ပါသည်။

၃။ အဆိုပါ အကျဉ်းထောင်ဆူပူမှုများတွင် အကျဉ်းထောင်အသီးသီးရှိ အကျဉ်းသားများ၏ တောင်းဆိုချက်များမှာ တစ်သဘောထားတည်းဖြစ်နေပြီး အချို့မှာ ထပ်တူထပ်မျှ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အချို့အကျဉ်းထောင်များတွင် ဆူပူမှုများကို အကျဉ်းသားအချို့က လက်ကိုင်ဖုန်းဖြင့် လူမှုကွန်ရက်ပေါ်တွင် live လွှင့်တင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ခြင်းကြောင့် ယင်းအကျဉ်းထောင်ဆူပူမှုများသည် ချိတ်ဆက်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုများ ရှိနေသည်ဟု သုံးသပ်ရရှိပါသည်။

၄။ သို့ဖြစ်ပါ၍ အကျဉ်းထောင်များတွင် ဖြစ်ပွားခဲ့သည့် ဆူပူမှုများနှင့်ပတ်သက်၍ ဖြစ်စဉ်မှန် ပေါ်ပေါက်ရေးအတွက် ထိရောက်စွာ စုံစမ်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကွေးဒေသခံပြည်သူများနှင့် တွေ့ဆုံ



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကွေးမြို့ခန်းမ၌ မကွေးဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။

သတင်းစဉ်

**မကွေး မေ ၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မကွေးမြို့ခန်းမ၌ မကွေးဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ကျွန်မ တစ်တိုင်းပြည်လုံးကိုသွားရောက်တဲ့အခါ နေရာအနှံ့မှာ မကွေးသူ မကွေးသားတွေ အလုပ်လုပ်နေတာကို တွေ့ရတယ်။ မကွေးမှာ လုံလုံလောက်လောက် အလုပ်မရတဲ့အတွက် တစ်တိုင်းပြည်လုံးမှာ ပျံ့နှံ့ပြီး အလုပ်ရတဲ့နေရာမှာသွားပြီး လုပ်နေကြတာကို တွေ့ရတယ်။ တစ်ဖက်က ကြည့်ရင်တော့ မကွေးသူ မကွေးသားတွေကို လေးစားတယ်။ အလုပ်ကို မကြောက်ဘူး။ ပင်ပင်ပန်းပန်းနဲ့ လုပ်ရဲတယ်။ အလုပ်ရှိတဲ့ နေရာကို သွားရဲတယ်။ သို့သော်လည်း ကိုယ့်ရပ်ကိုယ့်ရွာကိုပစ်ပြီး အခြားမှာအလုပ်လုပ်ရတယ်ဆိုတာ ဝမ်းနည်းစရာပါပဲ။


*စာမျက်နှာ ၄ ကော်လံ ၁* ✻



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အကျဉ်းသားများ၏ အခွင့်အရေးနှင့် ဥပဒေစိုးမိုးရေး

ပြည်ထောင်စု မြန်မာနိုင်ငံ သမ္မတကြီးဦးဝင်းမြင့်က ထောင်ဒဏ်အပြစ်ပေးခံ အကျဉ်းကျများကို ယခုရက်များအတွင်း လွတ်ငြိမ်းသက်သာခွင့် သုံးကြိမ်ပေးခဲ့သည်။ သက်ကြီးရွယ်အိုများ၊ နာတာရှည် ကျန်းမာရေးမကောင်းသူများ၊ အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများ စသည့် အကျဉ်းသား အကျဉ်းသူများကို ရွေးချယ်ရေး မူဝါဒနှင့် အညီ စနစ်တကျ စိစစ်ပြီး လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ထိုလွတ်ငြိမ်းသက်သာခွင့်ပေးပြီးသည့်နောက် မေ ၈ ရက်တွင် ကလေးအကျဉ်းထောင်၊ ဘားအံအကျဉ်းထောင်တို့နှင့် မေ ၉ ရက်တွင် ရွှေဘိုအကျဉ်းထောင်၊ မြစ်ကြီးနားအကျဉ်းထောင်၊ ထားဝယ်အကျဉ်းထောင်၊ သာယာဝတီအကျဉ်းထောင်နှင့် ပုသိမ်အကျဉ်းထောင်တို့အတွင်း အကျဉ်းသား ဆူပူမှုများဖြစ်ပွားခဲ့၏။

အကျဉ်းသားများဆိုသည်မှာ အခြေခံလူ့အခွင့်အရေး ရရှိရန်လိုအပ်ပြီး ဥပဒေအရနှင့် အကျဉ်းထောင် စည်းမျဉ်းစည်းကမ်းများအရ အကျဉ်းသားများရသင့်သည့် အခွင့်အရေးများရှိသည်မှာ အမှန်ပင် ဖြစ်ပါသည်။

သို့သော်လည်း အကျဉ်းသားများဟူသည် သာမန်နိုင်ငံသားများနှင့်မတူပါ။ အကျဉ်းထောင်များအတွင်းရှိ ထောင်စည်းမျဉ်းစည်းကမ်းများက သီးခြားဖြစ်ပါသည်။ တရားစီရင်ရေးမဏ္ဍိုင်က ဥပဒေနှင့်အညီ ထိုက်သင့်သည့် အပြစ်ဒဏ်များအပေါ်မူတည်ပြီး အကျဉ်းထောင်များတွင် နှစ်ရှည်နှစ်တို နေကြရခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်သမ္မတက သူ၏လုပ်ပိုင်ခွင့် ဘောင်အတွင်းမှ စိစစ်၍ လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ခြင်းဖြစ်ပါသည်။ အကျဉ်းသားများအတွင်း နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်နှင့် ပတ်သက်ပြီး မကျေနပ်ခြင်း၊ မိမိတို့၏ လိုလားမှုများကို ဖော်ပြလိုခြင်းများလည်း ရှိမည်သာဖြစ်ပါသည်။ သို့သော်လည်း အကျဉ်းထောင်များအတွင်းမှနေ၍ အကျဉ်းစခန်းများ၏ စည်းကမ်းဥပဒေနှင့် ဘောင်များအတွင်းက တောင်းဆိုရန်၊ တင်ပြရန်၊ ဖော်ပြရန်သာ ရှိပါ၏။

ယခုအခါ ထောင်အသီးသီးမှာ ရှိနေသည့် အကျဉ်းသားများ၏ တောင်းဆိုချက်များမှာ တစ်ထပ်တည်းဖြစ်နေပြီး ထောင်အတွင်းတွင် ထောင်စည်းကမ်းအရ ရဖို့မဖြစ်နိုင်သည့် လက်ကိုင်တယ်လီဖုန်းများဖြင့် ဗီဒီယိုရိုက်ကူးကာ ချက်ချင်းရိုက်တင်ပြုလုပ်ခဲ့ခြင်းက အကျဉ်းသားများ လုပ်ပိုင်ခွင့်ထက် များစွာကျော်လွန်နေသည်ကို သတိပြုမိပါသည်။

လက်ရှိ အစိုးရသည် ဒီမိုကရေစီအစိုးရဖြစ်သည့်အပြင် နှစ်ပေါင်းများစွာ အကျဉ်းထောင်များနှင့် နီးစပ်ခဲ့သည့် အစိုးရအဖွဲ့ဝင် အများအပြား ပါဝင်ခဲ့သည့်အတွက် အကျဉ်းသားများနှင့်ပတ်သက်လျှင် နားလည်စာနာမှုများစွာ ရှိသူများဖြစ်ပါသော်လည်း စည်းမျဉ်းဥပဒေကို ကျော်လွန်လာခြင်းအတွက်ကိုမူ သီးခြားသဘောထားကာ စဉ်းစားအဖြေရှာရမည်သာ ဖြစ်ပါသည်။

အစိုးရအနေဖြင့် ဖြစ်ပျက်ခဲ့သမျှအားလုံးကို စနစ်တကျ ထိထိရောက်ရောက် စုံစမ်းစစ်ဆေးမှုပြုရန်လိုအပ်ပြီး ဆက်လက်ဆောင်ရွက်စရာ ရှိသည်များကို ဆောင်ရွက်ရန်လိုပါမည်။

နိုင်ငံတော်သမ္မတအနေဖြင့် လွတ်ငြိမ်းသက်သာခွင့်ပေးသည့် မူလရည်ရွယ်ချက်အတိုင်း အကျဉ်းသားများ၏ လိုအပ်ချက်များကို စာနာနားလည်ကာ အကျဉ်းသားများ၏ လိုလားမှုများကို သက်သက်ညှာညှာ စဉ်းစားရန် လိုသကဲ့သို့ စည်းကမ်းဥပဒေ ချိုးဖောက်မှုများကိုလည်း စနစ်တကျ စိစစ်အရေးယူမှုများပြုလုပ်ခြင်းဖြင့် နိုင်ငံတော်တည်ငြိမ်မှု၊ တရားဥပဒေ စိုးမိုးမှုတို့ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ကျန်းမာရေး အသိပညာပေး ဟောပြော

**ဇမ္ဗူသီရိ မေ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာတင်မြတ်ထွေး ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများသည် ဒေသတွင်း ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာဗဟုသုတများနှင့် ပညာပေးခြင်း၊ စစ်ဆေးကုသပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံ၌ ပြုလုပ်သည်။

သွားနှင့် ခံတွင်းဆိုင်ရာ ဒေါက်တာဇော်ဇော်အောင်က ပညာပေးဟောပြောကာ စစ်ဆေးကုသပေးပြီး ဆရာမ ဒေါ်နန္ဒာရွှေ (အမျိုးသမီးကျန်းမာရေး)က အပူဒဏ် အန္တရာယ်ကာကွယ်ရေး၊ ဒေါ်အေးအေးလတ် (ဘက်စုံသားဖွားမီးယပ်) က ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး၊ ဒေါက်တာ နွန်ကိန်းက အထွေထွေရောဂါမဖြစ်ပွားရေးတို့ကို ဟောပြောကုသခြင်းများ ဆောင်ရွက်ကြသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နော်ဝေနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

## နော်ဝေနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၉**

ရန်ကုန်မြို့အခြေစိုက် နော်ဝေနိုင်ငံ သံရုံးက ကြီးမှူးကျင်းပသည့် နော်ဝေနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင်နှင့် ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘာ့ပင်လယ် သမုဒ္ဒရာ သန့်ရှင်းရေး၊ ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ် အမှိုက်များကင်းစင်ရေးနှင့် ပင်လယ်သမုဒ္ဒရာများ ညစ်ညမ်းမှု ကင်းဝေးစေရေးအတွက် Clean Ocean အဖွဲ့အစည်း၏ ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် နော်ဝေနိုင်ငံ အမျိုးသား သီချင်းတို့ကို ဖွင့်လှစ်ပြီး အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms. Tone Tinnes နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နော်ဝေနိုင်ငံသံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ညစာကိုအတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဟုန်လျန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၉**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဟုန်လျန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ အစိုးရနှင့် တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းစွာဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိအောင် တပ်မတော်ကဆောင်ရွက်နေမှု၊ ပစ်ခတ်မှုမရှိဘဲ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက အစိုးရနှင့် တပ်မတော်ထံ ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်နှင့် ဒေသခံ ပြည်သူလူထုများ၏ အကျိုးစီးပွားအတွက် တပ်မတော်အနေဖြင့် တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းပေးထားမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

## ရန်ကုန် ပဲခူးကလပ်အဆောက်အအုံကို အပြာရောင်ကမ္ပည်းပြား တပ်ဆင်မည်


**ရန်ကုန် မေ ၉**

၁၈၈၂ခုနှစ်တွင် ဗစ်တိုးရီးယားခေတ် ဗိသုကာလက်ရာဖြင့် တည်ဆောက်ခဲ့သော ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း၏ ရှုရှားသံရုံးရှေ့တွင်ရှိသည့် ပဲခူးကလပ် အဆောက်အအုံအား ရန်ကုန်မြို့ပြအမွေအနှစ်တစ်ခုအဖြစ် ယခုလကုန်တွင် အပြာရောင်ကမ္ပည်းပြားတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပြ၏ အမွေအနှစ်များအဖြစ် ၂၀၁၄ ခုနှစ်တွင် ရန်ကုန်မြို့တော်ခန်းမအား ပထမဆုံး အပြာရောင်ကမ္ပည်းပြားကို တပ်ဆင်ခဲ့ပြီး ဗဟိုအမျိုးသမီးဆေးရုံအား ၂၉ ခုမြောက်အဖြစ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခဲ့ရာ အခု ၃၀ မြောက်အဖြစ် ပဲခူးကလပ် အဆောက်အအုံကို ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ်စီမံကိန်းအရာရှိ ဦးသူရိန်အောင်က ပြောသည်။

မြန်မာပြည် လွတ်လပ်ရေးမရမီ အရှေ့တောင်အာရှတွင် ရန်ကုန်မြို့ရှိ ပဲခူးကလပ်မှာ နိုင်ငံခြားသားများ အပန်းဖြေရာ နေရာတစ်ခုအဖြစ် ထင်ရှားကျော်ကြားခဲ့ပြီး နည်းပညာပါသောလက်ရာများနှင့်အတူ အခန်းပေါင်းများစွာဖြင့် ဖွဲ့စည်းထားလျက် ကျွန်းသားများဖြင့် တည်ဆောက်ထားသော အဆောက်အအုံဖြစ်သောကြောင့် နှစ်ပေါင်းရာကျော် အဆောက်အအုံကို ၂၀၁၈ ခုနှစ်တွင် ပြန်လည်ပြုပြင်ထိန်းသိမ်းခဲ့ပြီး ဝေလမင်းသားအခန်း၊ ဝင်န်ဆာအခန်းတို့ကို ဆက်လက်ပြုပြင်လျက်ရှိကာ ဧက ၄၀ ကျော်ရှိသော မြေနေရာတွင် အဆောက်အအုံများကို မူရင်းအတိုင်းဆက်လက်ထိန်းသိမ်းပြုပြင်လျက်ရှိသည်။ နှစ်ပေါင်း ၁၃၀ ကျော် သက်တမ်းရှိသည့် ပဲခူးကလပ် အဆောက်အအုံအား မေလကုန်တွင် ရန်ကုန်မြို့ပြ အမွေအနှစ်အဖြစ် အပြာရောင်ကမ္ပည်းပြားကို တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**



မင်းဘူးမြို့နယ် မန်းရွှေစက်တော်ရှိ အောက်စက်တော်ရာအား ဖူးမြော်ရစဉ်။ ဓာတ်ပုံ-သက်အောင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အထက်စက်တော်ရာ စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ ကပ်လှူပူဇော်စဉ်။ ဓာတ်ပုံ-သက်အောင်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မန်းရွှေစက်တော် အောက်စက်တော်ရာ၊ အထက်စက်တော်ရာတို့အား ဖူးမြော်ကြည်ညိုပြီး ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်း၊ ရွှေသမင်နှင့် မြန်မာ့ကြယ်လိပ်မွေးမြူထားရှိမှုအား ကြည့်ရှု

**မကွေး မေ ၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာ အောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ရောက်ရှိကြသည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက မကွေးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်သို့ ရောက်ရှိကြပြီး အောက်စက်တော်ရာအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ ကပ်လှူပူဇော်သည်။

### အလှူငွေပေးအပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အထက်စက်တော်ရာ စေတီတော်အားဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ ကပ်လှူပူဇော်ကာ စေတီတော်အတွက် အလှူငွေကျပ် ၅ သိန်းကို ဂေါပကအဖွဲ့ထံပေးအပ်လှူဒါန်းသည်။

### လက်မှတ်ရေးထိုး

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အထက်စက်တော်ရာရင်ပြင်မှ မန်းချောင်းနှင့် ရွှေစက်တော်ပတ်ဝန်းကျင်အခြေအနေ၊ မန်းရွှေစက်တော်မှတ်တမ်း ဓာတ်ပုံများအား ကြည့်ရှုပြီး မန်းရွှေစက်တော်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းရှေ့၌ မဉ္ဇူသကအပင်ကို စိုက်ပျိုးပေးစဉ်။ ဓာတ်ပုံ-သက်အောင်



ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ရွှေသမင်မွေးမြူထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-သက်အောင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ မြန်မာ့ကြယ်လိပ်မွေးမြူထားမှုကို ကြည့်ရှုစဉ်။ ဓာတ်ပုံ-သက်အောင်

✲ *ရှေ့ဖုံးမှ*

ကိုယ့်ရပ်ကိုယ့်ရွာဆိုတာ ဘယ်သူမှပစ်သွားချင်မှာ မဟုတ်ပါဘူး။ အဲဒီမှာပဲနေချင်ကြတာပါ။

**အလုပ်လုပ်မှ ဝင်ငွေရနိုင်မယ်**

"ကျွန်မတို့နိုင်ငံအတွက် အရေးကြီးတဲ့ကိစ္စတစ်ခုက အလုပ်အကိုင်ဖန်တီးရေးဆိုတာ ကျွန်မတို့အစိုးရ စတင်တာဝန်ယူကတည်းက ပြောတဲ့ကိစ္စဖြစ်ပါတယ်။ အလုပ်အကိုင်ဖန်တီးရေးဆိုတာ စီးပွားရေး၊ လူမှုရေးအတွက်အရေးကြီးတယ်။ စီးပွားရေးဆိုတာက အလုပ်လုပ်မှ ဝင်ငွေရနိုင်မယ်။ ဝင်ငွေရနိုင်မှ ရပ်တည်နိုင်မယ်။ ဒါပေမယ့် ကိုယ့်ရပ် ကိုယ့်ရွာမှာ အလုပ်ရှိမှ ကိုယ့်ရပ်ကိုယ့်ရွာမှာ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းနဲ့ ကိုယ်နေလို့ရတယ်။ အဲဒီလိုမဟုတ်ဘဲ မတတ်သာလို့၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ အလုပ်မရှိလို့ တခြားကိုသွားပြီး အလုပ်ရှာရတယ်။ ကိုယ့်မိသားစုနဲ့ မခွဲချင်ဘဲ ခွဲသွားရတယ်ဆိုတာကတော့ မကောင်းပါဘူး။

"ကျွန်မအနေနဲ့က တစ်နိုင်ငံလုံးမှာ အလုပ်အကိုင်ဖန်တီးရေးကို ဦးစားပေးတာ ဖြစ်ပါတယ်။ ကျွန်မတို့အစိုးရ စပြီးတော့ အုပ်ချုပ်ရေးတာဝန်ယူတဲ့ အခါမှာ နံပါတ်တစ်က အလုပ်အကိုင်ဖန်တီးရေးဆိုပြီး သတ်မှတ်လိုက်ပါတယ်။ ဒါပေမယ့် လအနည်းငယ်အတွင်းမှာ ဘာကိုသတိပြုမိသလဲဆိုတော့ အလုပ်အကိုင်ဖန်တီးရေးအတွက် အခြေခံကျတဲ့ လိုအပ်ချက်တစ်ခုက လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်မီးရရှိရေးပဲဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းသွားတဲ့ နေရာတွေမှာ လျှပ်စစ်မီးလည်းရတယ်ဆိုရင် အလုပ်တွေဖြစ်လာတယ်။ ဘယ်လိုအလုပ်တွေ ဖြစ်လာသလဲဆိုတော့ နှစ်မျိုးရှိတယ်။ တစ်မျိုးက ဒေသခံတွေက ကိုယ့်ဟာကိုယ် လုပ်နိုင်တဲ့အခွင့်အရေးတွေရလာတယ်။ လုပ်ငန်းလေးတွေ ထူထောင်နိုင်တယ်။ တစ်ခါတလေကျတော့လည်း အရင်လုပ်နေကျလုပ်ငန်းကို ပိုမိုသွက်လက်အောင် တောင်သူလယ်သမားတွေဆိုရင် လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့အခါ မိမိတို့ရဲ့ လယ်ယာထွက်ကုန်တွေကို မြန်မြန် ဆန်ဆန် ရောင်းချင်တဲ့နေရာကို ပို့လို့ရတယ်။ အပျက်အစီးနည်းတယ်။ အဲဒီတော့ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာတယ်။ လျှပ်စစ်မီးလည်းရတယ်ဆိုရင် ကိုယ့်စီးပွားရေးကို ပိုပြီးတိုးတက်အောင် လုပ်နိုင်တယ်။ ကိုယ့်အလုပ်ကို ကိုယ်တိုင်ဖန်တီးလို့ရတယ်။

**တစ်နိုင်ငံလုံးမှာ လျှပ်စစ်မီးလိုအပ်**

"နောက်ပြီး စီးပွားရေးလုပ်ငန်းရှင်တွေကလည်း လာပြီးတော့ ရင်းနှီးမြှုပ်နှံလို့ရတယ်။ ဆက်သွယ်ရေးကောင်းတယ်၊ လျှပ်စစ်မီးရတယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်တွေက စီးပွားရေးလုပ်ငန်းလေးတွေကို ထူထောင်နိုင်တဲ့ အခြေအနေရှိတဲ့အခါ ထူထောင်ချင်ကြတယ်။ မကွေးတိုင်းနဲ့ပတ်သက်ပြီး လမ်းပန်းဆက်သွယ်ရေး တိုးတက်မှုက အင်မတန်မှ ကောင်းမွန်တယ်ဆိုတာ ကျွန်မသတိပြုမိပါတယ်။ လျှပ်စစ်မီးရရှိရေးက ကျွန်မတို့ဖြစ်စေချင်သလောက် မဖြစ်သေးပါဘူး။ ကျွန်မတို့တစ်နိုင်ငံလုံးမှာ လျှပ်စစ်မီးကို လိုအပ်နေပါတယ်။ ဘယ်တွေကို အရင်ဦးစားပေးပြီး ပေးရမလဲဆိုတာ ဆုံးဖြတ်ရပါတယ်။ တစ်တိုင်းပြည်လုံးကို တစ်ပြိုင်တည်းပေးလို့မရပါဘူး။ နည်းပညာအခြေအနေ၊ အလုပ်အခြေအနေ၊ ငွေရေးကြေးရေး အခြေအနေတွေအပေါ်မှာ အများကြီးမူတည်ပါတယ်။

"ဒီနှစ်မကုန်ခင်မှာ မြန်မာနိုင်ငံရဲ့ လျှပ်စစ်မီးလိုအပ်ချက် ၅၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလို့ ရတော့မယ်လို့ ကျွန်မတို့မှန်းဆထားတယ်။ နောက်နှစ်နှစ်သုံးနှစ်အတွင်းမှာ အပြည့်အဝရရှိဖို့အတွက် ကြိုးစားသွားရမှာပါ။ ကျွန်မတို့က ၁၀၀ ရာခိုင်နှုန်းလိုချင်တဲ့သူတွေဆိုတော့ ၅၀ ရာခိုင်နှုန်းဆိုတော့ ကျေနပ်တယ်လို့တော့ မဟုတ်ဘူး။ သို့သော်လည်း တိုးတက်မှုအများကြီးရှိတယ်လို့ ပြောပါရစေ။ အရင် နှစ်နှစ်လောက်တုန်းက ဆိုရင် ၃၀ ရာခိုင်နှုန်းလောက်ပဲ ရှိတာကနေ ၅၀ ရာခိုင်နှုန်းအထိ တက်တယ်ဆိုတာ နှစ်ဆနီးပါး ကျွန်မတို့တက်နိုင်တာပါ။ အားရစရာတော့ ဖြစ်ပါတယ်။

**အလေ့အကျင့်ပြောင်းလဲဖို့ခက်**

"တစ်တိုင်းပြည်လုံးအတွက် အင်မတန်မှ အလေးထားတာတော့ ပညာရေးဖြစ်ပါတယ်။ ပညာရေးကို အလေးထားရခြင်းကိစ္စက ကျွန်မတို့ပြည်သူ ပြည်သားတွေ ပညာတတ်မှ နိုင်ငံရဲ့အနာဂတ်ကောင်းမှာပါ။ ကလေးများသည် ငယ်ငယ်ထဲကနေပြီး သိသင့် သိထိုက်တာတွေ၊ သင်သင့် သင်ထိုက်တာတွေကို သင်ထားမှ ကြီးလာတဲ့အခါမှာ နိုင်ငံကို အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ မူလတန်းကျောင်းတွေကစပြီး ပြည်သူ့နီတိဆိုတဲ့ ပြည်သူ၊ ပြည်သားများရဲ့တာဝန်တွေ၊ ဝတ္တရားတွေ၊ ကိုယ့်နိုင်ငံ တိုးတက်အောင် ကိုယ့်ပတ်ဝန်းကျင်သာယာအောင် ဘယ်လိုနေထိုင်ရမလဲဆိုတာကို သင်ပေးတဲ့အခါမှာ ဘာတွေ့ရသလဲဆိုတော့ ကလေးများသည် အင်မတန်မှ အတတ်မြန်ပါတယ်၊ နားလည်မြန်တယ်။ မိဘတွေကို သင်ရတာခက်ပါတယ်။ နည်းနည်းပုံစံကျနေတော့ စိတ်ထားပြောင်းဖို့လဲ ခက်တယ်။ အလေ့အကျင့်ပြောင်းဖို့လဲခက်တယ်။ သားသမီးတွေက ပြောပြတဲ့အခါမှာ လိုလိုချင်ချင်ပြောင်းလဲလာတာကို တွေ့မြင်ရပါတယ်။

"ဥပမာအားဖြင့် အမှိုက်ကိစ္စဖြစ်ပါတယ်။ အမှိုက်ကတော့ ပြည်သူ ပြည်သားတွေက အလေ့အကျင့်တစ်ခုလိုဖြစ်နေပါတယ်။ အမှိုက်ပစ်တဲ့နေရာမှာ ကိုယ်ပစ်လိုက်တဲ့အမှိုက်က ကိုယ်နဲ့မဆိုင်သလိုဘဲ၊ ကိုယ်ကထွက်သွားတော့ အမှိုက်က ကျန်ရစ်ခဲ့ပါတယ်။ အဲဒီလိုစိတ်ဓာတ်က ရှိပါတယ်။ ကျွန်မတို့ ကျောင်းတွေမှာ အမှိုက်မပစ်ရဘူးဆိုတာကို သင်ပါတယ်။ အမှိုက်မပစ်ရဘူးဆိုတာက စောစောစီးစီးထဲက ကိုယ့်ကိစ္စတွေကို တာဝန်ယူရမယ်ဆိုတာ သင်ပေးတာဖြစ်ပါတယ်။

"၁၉၈၈ ခုနှစ် နိုင်ငံရေးပါတီလှုပ်ရှားတဲ့အခါက စပြီးတော့ လူငယ်တွေကိုအမြဲပဲ ပြောပါတယ်။ ကိုယ်တစ်နေရာကိုသွားရင် ခဏနေပြီး တည်းတယ်ဆိုရင် အဲဒီနေရာကို ကိုယ်လာတုန်းက အချိန်ထက်သာအောင် မထားနိုင်ရင်တောင်မှ လာတုန်းကအခြေအနေထက် ညံ့အောင်မထားခဲ့ရဘူး။ အနည်းဆုံးကတော့ ကိုယ်တွေ့တုန်းကလောက်တော့ ကောင်းကောင်း မွန်မွန်ထားခဲ့ရမယ်။ တတ်နိုင်ရင် ရောက်တုန်းကအခြေအနေထက် ကောင်းအောင်ထားခဲ့ရမယ်လို့ ကျွန်မပြောခဲ့တယ်။

**စံပြအနေနဲ့ လုပ်စေချင်**

"ပြည်သူ ပြည်သားတွေ အားလုံး ကလေးတွေအပါအဝင် လူကြီးတွေရော ဒီလောကထဲကနေဖြတ်သွားတဲ့ အချိန်မှာ ကိုယ်မရှိတော့တဲ့အခါကျရင် ရှိတုန်းကအချိန်ထက် တစ်ခုခုတော့ကောင်းအောင် လုပ်ပေးခဲ့တယ်ဆိုတဲ့ စိတ်ဓာတ်ရှိနိုင်အောင်နေကြပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။ ဒါဟာ နိုင်ငံသူ၊ နိုင်ငံသား တစ်ယောက်ချင်းရဲ့တာဝန်ဖြစ်ပြီး ဒီတာဝန်ယူနိုင်မှ နိုင်ငံတိုးတက်မှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံဟာ တိုးတက်ဖွံ့ဖြိုးကာစနိုင်ငံ ဘာနဲ့တူသလဲဆိုတော့ ကြမ်းတမ်းတဲ့ အသိုင်းအဝန်းမှာ ကလေးသူငယ်တစ်ယောက်က ရှင်သန်ရုန်းကန်ရသလိုပဲ။ ဒါကြောင့် ကျွန်မတို့က တခြားလူတွေထက် ကြိုးစားနိုင်တဲ့အရည်အချင်းရှိရမယ်။ မကွေးသူ မကွေးသား အညာသူ အညာသားတွေမှာ ဒီလိုကြိုးစားနိုင်တဲ့အရည်အချင်း ရှိတယ်လို့ ကျွန်မယုံကြည်တယ်။ အညာကလူတွေက အပင်ပန်းခံနိုင်တယ်။ ရိုးရိုးကျင့် မြင့်မြင့်ကြံတယ်၊ တည်ကြည်တယ်၊ ဖြောင့်မတ်တယ်စသည်ဖြင့် အားလုံးက ဒီလိုဖြစ်အောင်လို့ ရည်မှန်းစေချင်တယ်။ လူတိုင်းလူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ်ပြင်ယူလို့ရတယ်။ သိက္ခာရှိပြီး အရည်အချင်းပြည့်စုံတဲ့လူသားတစ်ယောက်ဖြစ်အောင်လို့ လုပ်လို့ရတယ်။ အဲဒီလို လုပ်တဲ့နေရာမှာ မကွေးတိုင်းကပြည်သူ ပြည်သားတွေက စံပြအနေနဲ့ လုပ်စေချင်တယ်။ တစ်တိုင်းပြည်လုံး ဘယ်သွားသွား မကွေးကသူတွေ မတွေ့မရှိသလောက်ဘဲ တွေ့နေတယ်။ ပင်ပင်ပန်းပန်းနဲ့ရတဲ့ အလုပ်ကို လုပ်နေတယ်။ ဒီလို လုပ်ရည်၊ ကိုင်ရည်၊ ခံနိုင်ရည်ရှိတဲ့ ပြည်သူပြည်သားများဟာ နိုင်ငံ့အတွက်အများကြီး အကျိုးပြုနိုင်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေတယ်လို့ ကျွန်မယုံကြည်ပါတယ်။

**ပညာရေးစနစ်တစ်ခု ထူထောင်ချင်**

"ကျွန်မတို့အနေနဲ့ ပညာရေးစနစ်ကို လက်တွေ့ကျကျဖြစ်အောင်လည်းလုပ်ချင်တယ်။ ခေတ်နဲ့ညီတဲ့ ပညာရေးစနစ်တစ်ခုကိုလည်း ထူထောင်ချင်တယ်။ တစ်နည်းအားဖြင့် ယနေ့ခေတ်မှာ တခြားနိုင်ငံတွေထက် တစ်မူထူးခြားတဲ့ စနစ်တစ်ခုကိုလည်း ထူထောင်ချင်တယ်။ ခေတ်နဲ့အညီဆိုရာမှာ နည်းပညာတွေကို အားလုံးနဲ့ ရင်ပေါင်တန်းနိုင်အောင် ၊ အဆင့်မြင့်အောင် မိမိတို့က သင်ပေးရမှာဖြစ်ပါတယ်။ သို့သော်လည်း ပညာအဆင့်မြင့်ယုံတင်မကဘဲ စိတ်ထားအဆင့်မြင့်အောင်လည်း မိမိတို့က သင်ပေးချင်ပါတယ်။

"စိတ်ထားကောင်းမွန်အောင်၊ မြင့်အောင် သင်ပေးတယ်ဆိုရာမှာ ပြည်သူ့နီတိလို ကလေးတွေရဲ့စိတ်ဓာတ်ကို ပြုပြင်ပေးမယ့် ဘာသာရပ်တွေ၊ မိမိတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ရေးအတွက် အသုံးကျမယ့် ဘာသာရပ်တွေကို အဆင့်မြင့်တင်သင်ပေးချင်ပါတယ်။

**အလားအလာ အင်မတန်ကောင်း**

"အဆင့်မြင့်ပညာဆိုတာ အများကတော့ တက္ကသိုလ်ပညာလို သတ်မှတ်ကြတယ်။ ဒါပေမယ့် အဆင့်မြင့်ပညာကို တက္ကသိုလ် ပညာတစ်ခုကဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်က နည်းနည်းလေး ခေတ်နောက်ကျနေပြီလို့ ပြောရမှာပဲဖြစ်ပါတယ်။ ကမ္ဘာ့အဖွံ့ဖြိုးဆုံးနိုင်ငံတွေတောင်မှ တက္ကသိုလ်ဘွဲ့ရပြီး အလုပ်လက်မဲ့ ဖြစ်နေတာတွေ မနည်းပါဘူး။ အသက်မွေးဝမ်းကျောင်းပညာရဲ့အရေးပါမှု၊ အသက်မွေးဝမ်းကျောင်း ပညာကျောင်းတွေ ဖွံ့ဖြိုးမှု၊ အသက်မွေးဝမ်းကျောင်း ပညာကျောင်းတွေတန်ဖိုးကို လူငယ်တွေ၊ မိဘတွေသိဖို့ အရေးကြီးပါတယ်။ တက္ကသိုလ်ပညာမှ ပညာမဟုတ်ပါဘူး။ အသက်မွေးဝမ်းကျောင်း ပညာဆိုတာလည်းပညာပါပဲ။ တက္ကသိုလ်ပညာက ပညာတစ်မျိုး၊ အသက်မွေးဝမ်းကျောင်းပညာက ပညာတစ်မျိုးဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာက လက်တွေ့ကျတယ်။ အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေက ထွက်သွားတဲ့ကလေးတွေသည် တန်းပြီးအလုပ်ရနိုင်တဲ့ အလားအလာ အင်မတန်ကောင်းပါတယ်။

ဒါကြောင့် အသက်မွေးဝမ်းကျောင်းပညာကို ကျွန်မတို့ အားပေးချင်တယ်။ ပြည်သူ ပြည်သားတွေကလည်း အားပေးကြပါ။ အသက်မွေးဝမ်းကျောင်းပညာရဲ့တန်ဖိုးကိုလည်း နားလည်အောင် ကြိုးစားပေးကြပါ" ဟု ပြောကြားသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကွေးဒေသခံများနှင့် တွေ့ဆုံပွဲတွင် ခန်းမအပြင်ဘက်၌ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ သတင်းစဉ်

**"အဆင့်မြင့်ပညာဆိုတာ အများကတော့ တက္ကသိုလ်ပညာလို သတ်မှတ်ကြတယ်။ ဒါပေမယ့် အဆင့်မြင့်ပညာကို တက္ကသိုလ်ပညာတစ်ခုကဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်က နည်းနည်းလေး ခေတ်နောက်ကျနေပြီလို့ ပြောရမှာပဲဖြစ်ပါတယ်။ ကမ္ဘာ့အဖွံ့ဖြိုးဆုံးနိုင်ငံတွေတောင်မှ တက္ကသိုလ်ဘွဲ့ရပြီး အလုပ်လက်မဲ့ ဖြစ်နေတာတွေ မနည်းပါဘူး။ အသက်မွေးဝမ်းကျောင်းပညာရဲ့ အရေးပါမှု၊ အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေ ဖွံ့ဖြိုးမှု၊ အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေ တန်ဖိုးကို လူငယ်တွေ၊ မိဘတွေသိဖို့ အရေးကြီးပါတယ်။ တက္ကသိုလ်ပညာမှ ပညာမဟုတ်ပါဘူး။ အသက်မွေးဝမ်းကျောင်းပညာဆိုတာလည်း ပညာပါပဲ။ တက္ကသိုလ်ပညာက ပညာတစ်မျိုး၊ အသက်မွေးဝမ်းကျောင်းပညာက ပညာတစ်မျိုးဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာက လက်တွေ့ကျတယ်။ အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေက ထွက်သွားတဲ့ကလေးတွေသည် တန်းပြီးအလုပ်ရနိုင်တဲ့ အလားအလာ အင်မတန်ကောင်းပါတယ်"**

*စာမျက်နှာ ၄ မှ*

ထို့နောက် တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ၏ တင်ပြချက်များဖြစ်သည့် အိုးဘိုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမြေနေရာနှင့် အဆောက်အဦစီစဉ်ဆောက်လုပ်ပေးရေး၊ သမဝါယမအသင်း ငွေအလွဲသုံးစားပြုလုပ်မှုအား အရေးယူဆောင်ရွက်ပေးရေး၊ သိမ်းဆည်းမြေ ပြန်လည်စွန့်လွှတ်ပေးရေး၊ နိုင်ငံသားမိဘများကမွေးဖွားသူများအား စိစစ်မှုမရှိဘဲ မှတ်ပုံတင်အမြန်ဆောင်ရွက်ပေးရေး၊ မကွေးမြို့ပြည်တော်သာ အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ရန်အတွက် ရန်ပုံငွေချထားပေးရေး၊ မကွေးမြို့ ကန်သာရပ်ကွက် ရေကန်သာယာလှပရေးအတွက် ဆောင်ရွက်ပေးရေး၊ မကွေးမြို့အောင်စေတနာ ရပ်ကွက် အ.လ.ကခွဲ အားကျောင်းအဆင့်မြှင့်တင်ပေးရေး၊ မကွေးမြို့သိင်္ဂါရပ်ကွက် ရေနုတ်မြောင်းများဆောင်ရွက်ပေးရေး၊ မကွေးမြို့ အောင်ဇေယျာရပ်ကွက်စာကြည့်တိုက် တည်ဆောက်ရန်မြေနေရာနှင့် ရန်ပုံငွေလိုအပ်မှုအားထောက်ပံ့ပေးရေး၊ မကွေးမြို့ အောင်ဇေယျာရပ်ကွက်လမ်းထောင့် မြေနေရာအား ရပ်ကွက်မြေအဖြစ်သတ်မှတ်ပေးရေး၊ မကွေးမြို့အောင်မေတ္တာရပ်ကွက်၌ စာသင်ကျောင်း ဆောက်လုပ်ပေးရေး၊ မကွေးမြို့ မယ်လှကျေးရွာမှ သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ပေးရေး၊ ကျောက်ချောလမ်းခင်းပေးရေး၊ မကွေးမြို့ကံပြားကျေးရွာ ရွာမြေတိုးချဲ့ပေးရေး၊ မျိုးကောင်းမျိုးသန့်မျိုးစပါးရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေရရှိရေး အကောင်အထည်ဖော်မှုမရှိသည့်သိမ်းဆည်းမြေများအား မြေလျော်ကြေးပေးရေးနှင့် ပုံစံ(၇)ထုတ်ပေးရေး၊ မင်းဘူးမြို့နယ် မန်းရေနံမြေဒေသရပ်ကွက်မှ နေအိမ်များအား ဂရန်ထုတ်ပေးရေး၊ မင်းဘူးမြို့နယ် မြစ်ရေတိုက်စားမှုကာကွယ်ရေးအတွက် မြေထိန်းနံရံ ဆောင်ရွက်ပေးရေး၊ စကုမြို့မန်းတမံနှင့်အိုင်းမဆည်မှပေးဝေသည့် ရေနုတ်မြောင်းများအား အုတ်စီမြောင်း ဆောင်ရွက်ပေးရေးကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ခန်းမအပြင်မှ သုံးဦးတင်ပြ**

ထို့နောက် ခန်းမအတွင်းမှ တင်ပြလိုသူ ပြည်သူ ၁၆ ဦး အနက် မဲပေါက်သူ ၆ ဦးတို့က မကွေး-တောင်တွင်း ရထားလမ်းဖောက်လုပ်ရာတွင် သိမ်းဆည်းမြေများအတွက် လျော်ကြေးငွေရရှိရေး၊ ကျောင်းအဆင့်တိုးမြှင့်ပေးရေး၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် လယ်မြေများအတွက် ပုံစံ(၇)များရရှိရေး၊ မကွေးစည်ပင်ကားဝင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုဖြေရှင်းပေးရေး၊ မကွေးမြို့ ထုံးပေါက်တောကျေးရွာ အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် မဲနိုက်ရွေးချယ်ခဲ့ခြင်းအား ပြန်လည်ဆောင်ရွက်ပေးရန်နှင့် မြို့သစ်မြို့တွင် ၁၉၈၂ ခုနှစ် က လန(၃၉)ရရှိပြီး ရွာမြေများကော်မတီဖွဲ့ပြီး စနစ်တကျ အကွက်ရိုက် ဆောင်ရွက်ပေးရေးတို့ကိုလည်းကောင်း၊ ခန်းမအပြင်မှ တင်ပြလိုသူပြည်သူ ၃၃ ဦး အနက် မဲပေါက် ၃ ဦးတို့က မကွေးမြို့ အောင်ဇေယျာရပ်ကွက် ရေကြီးမှုမဖြစ်စေရေးဆောင်ရွက်ပေးရန်၊ မကွေးတက္ကသိုလ် သင်ကြားရေးစနစ်ကို မလေးရှားတက္ကသိုလ်သင်ကြားမှုကဲ့သို့ဖြစ်စေရေး၊ ကျေးရွာမြေငှားဂရန်ချထားပေးရေးတို့ကို လည်းကောင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများကို ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးပြီး အချို့ကိစ္စရပ်များအား ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားကြသည်။

**ယုံယုံကြည်ကြည် တင်ပြ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသခံပြည်သူများအနေဖြင့် အခက်အခဲရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့အား ယုံယုံကြည်ကြည် တင်ပြကြစေလိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူများနှင့် အမြဲထိတွေ့ရန်လိုကြောင်း၊ အစိုးရနှင့်ပြည်သူယုံကြည်ပြီး ဆက်ဆံရေးကောင်းမွန်ပါက မည်သည့် ပြဿနာကိုမဆိုကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မိမိတို့ပြည်သူများ၏ အရည်အချင်းကို ယုံကြည်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကွေးမြို့ဒေသခံလူငယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မန်းရွှေစက်တော်ရှိ ကိုးခန်းကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ ကပ်လှူပူဇော်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အောက်စက်တော်ရာ၊ အထက်စက်တော်ရာနှင့် ကိုးခန်းကြီး ဗုဒ္ဓရုပ်ပွားတော်တို့အား ဖူးမြော်ကြည်ညိုစဉ် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းသို့ ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက ရွှေစက်တော်မန်းချောင်း ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆင်များအား လိုက်လံကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အပန်းဖြေဆင်စခန်းအတွင်း ဆင်များအား လိုက်လံကြည့်ရှုပြီး အစာများကျွေးမွေးကာ ဆင်စခန်းအတွက် ထောက်ပံ့ ငွေကျပ် ၅ သိန်းကို ပေးအပ်သည်။

**မဥ္ဇူသကအပင်ကို စိုက်ပျိုး**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆင်စခန်းရှေ့သတ်မှတ်နေရာတွင် မဥ္ဇူသကအပင်ကို စိုက်ပျိုးပေးသည်။

**သဘာဝအတိုင်း လေ့လာနိုင်**

ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းတွင် ဆင်ကောင်ရေ ၁၅ ကောင်ရှိပြီး လာရောက်အပန်းဖြေသူများ ညအိပ်နိုင်ရန်အတွက် လုံးချင်းအိပ်ဆောင် ၁၁ လုံးကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။ ရွှေစက်တော် အပန်းဖြေဆင်စခန်းတွင် ဆင်စီးခြင်း၊ ဆင်စာကျွေးနိုင်ခြင်း၊ ဆင်များကို ကိုယ်တိုင်ရေချပေးနိုင်ခြင်းနှင့် ဆင်တို့၏နေထိုင်စားသောက်မှုကို သဘာဝအတိုင်း လေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါဆင်စခန်းမှာ ဧက ၁၁၀ အကျယ်အဝန်းရှိပြီး မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွှေစက်တော်ဘုရားသို့ သွားရောက်သည့်(၈)မိုင် လမ်းဘေးတွင် တည်ရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရွှေသမင်မွေးမြူရေးခြံသို့ရောက်ပြီး ရွှေသမင်မွေးမြူထားရှိမှုကို ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဆိုင်ရာ အချက်အလက်များနှင့် မြန်မာ့ကြယ်လိပ်မွေးမြူထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ့ကြယ်လိပ်မွေးမြူထားရှိမှုကိုကြည့်ရှုသည်။

**ကာကွယ်ထိန်းသိမ်းထား**

ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မကွေးတိုင်းဒေသကြီး မင်းဘူး၊ ငဖဲ၊ ပွင့်ဖြူနှင့် စေတုတ္တရာမြို့နယ်တို့အတွင်းတည်ရှိကာ ၁၉၄၀ ခုနှစ်က တည်ထောင်ခဲ့ပြီး အဆိုပါဘေးမဲ့တောထဲတွင် အပင်မျိုးစိတ် ၁၁၈ မျိုး၊ နို့တိုက်သတ္တဝါ မျိုးစိတ် ၁၄ မျိုး၊ ငှက်မျိုးစိတ် ၁၄၆ မျိုး၊ ကုန်းနေ၊ ရေနေ တွားသွားသတ္တဝါမျိုးစိတ် ၄၃ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၉ မျိုး၊ ရေချိုငါးမျိုးစိတ် ၂၂ မျိုးတို့ကို ကာကွယ်ထိန်းသိမ်းထားကြောင်း သိရသည်။

**ရွှေသမင် ၉၅၂ကောင် ကျက်စား**

ယင်းဘေးမဲ့တောမှာ အင်တိုင်းတောနိမ့်၊ အထက်ရွက်ပြတ်ရောနှောတောနှင့် တောခြောက် (သန်းဒဟတ်တော) တောအမျိုးအစားဖြစ်ပြီး ၁၁၄၆၇၈ ဒသမ ၇၁ ဧက အကျယ်အဝန်းရှိကာ ရွှေသမင်မျိုးစိတ်ကို အဓိကကာကွယ်ထိန်းသိမ်းထားပြီး ၂၀၁၉ ခုနှစ် ဧပြီလတွင် စာရင်းကောက်ယူမှုအရ ရွှေသမင် ၉၅၂ကောင် ကျက်စားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာ့ဒေသမျိုးရင်းဖြစ်သော ကြယ်လိပ်များကို ခြံလှောင်ထိန်းသိမ်းမွေးမြူထားပြီး သဘာဝတောအတွင်းသို့ ပြန်လည်စေလွှတ်ခြင်းကို ၁၉၉၆ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် အကောင် ၁၅၀၊ ၂၀၁၈ ခုနှစ်တွင် အကောင် ၉၅၀ ကို စမ်းသပ်စေလွှတ်နိုင်ခဲ့ကာ ၂၀၁၉ ခုနှစ်တွင် ကြယ်လိပ် ၆၅၀ ကောင်ကို စေလွှတ်ထားကြောင်း၊ ယခုလက်ရှိတွင် ကြယ်လိပ် ၃၃၀ ကောင်ကို ခြံလှောင်မွေးမြူထားကြောင်း သိရသည်။

**ပြည်သူများအား အသိပညာပေး**

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ပတ်သက်ပြီး ဒေသခံပြည်သူများအား အသိပညာပေးခြင်းနှင့် စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရွှေသမင် စာရင်းကောက်ယူခြင်း၊ နယ်နိမိတ်ဘုတ်တိုင် စစ်ဆေးခြင်း၊ ဘုရားပွဲရာသီတွင် ပညာပေးပြခန်းဖွင့်လှစ်ပြသခြင်း၊ ဝန်ထမ်းများအား လေ့ကျင့်ပညာပေးခြင်း၊ သဘာဝရေထွက်စမ်းများစစ်ဆေးခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရွှေစက်တော်မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မကွေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်း၌ ဆင်များအား အစာကျွေးမွေးစဉ်။ ဓာတ်ပုံ-သက်အောင်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဟောင်ကောင်လွှတ်တော်ရုံး၏ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်းအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် UNDP/IPU ၏ လွှတ်တော်လုပ်ငန်းများ စီမံခန့်ခွဲမှုအစီအစဉ်အဖြစ် အလုပ်ရုံဆွေးနွေးပွဲများမှ ထွက်ပေါ်လာသောရလဒ်များကို လာရောက်တင်ပြသည့် ဟောင်ကောင်လွှတ်တော်ရုံး၏ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း Ms. Pauline Ng နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာလွှတ်တော်ဖြစ်ပေါ်လာရေး၊ လွှတ်တော်ကော်မတီများ၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်ရေးနှင့် ဆက်လက်အကူအညီပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဟောင်ကောင်လွှတ်တော်ရုံး၏ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း Ms. Pauline Ng နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၃/၂၀၁၉) ကျင်းပ

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၁၃/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၁၃/၂၀၁၉) ကျင်းပစဉ်။** သတင်းစဉ်





**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ UNDP ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Peter Batchelor နှင့် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Johan Cels တို့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ UNDP နှင့် UNHCR ဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၉**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် UNDP ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Peter Batchelor နှင့် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Johan Cels တို့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်လျက်ရှိသည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အကူအညီပေးနိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ UNDP နှင့် UNHCR တို့အကြား ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်က လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MoU) ကို သက်တမ်းတိုးမြှင့်ရေးအတွက် UNDP နှင့် UNHCR တို့မှ တင်ပြဆွေးနွေးသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ (MoU) သည် ၂၀၁၉ ခုနှစ် ဇွန် ၆ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသဖြင့် UNDP နှင့် UNHCR တို့က တစ်နှစ် သက်တမ်းတိုးမြှင့်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ် မတ် ၇ ရက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ ယင်းဝန်ကြီးဌာနမှ မူအားဖြင့် သဘောတူပါကြောင်း ၂၀၁၉ ခုနှစ် မတ် ၉ ရက်တွင် ပြန်ကြားခဲ့ပြီးဖြစ်သည်။

ယနေ့တွေ့ဆုံစဉ် နားလည်မှုစာချွန်လွှာ (MoU)၏ သက်တမ်းအား တစ်နှစ် ထပ်မံတိုးမြှင့်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထပ်မံအတည်ပြုပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုသဟဇာတဖြစ်ရေး ကြိုးပမ်းဆောင်ရွက်မှုများ ဆွေးနွေး

**နေပြည်တော် မေ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Patrick Chugg နှင့် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုသဟဇာတဖြစ်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိသွားသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကပင် အဆင်သင့်လက်ခံနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်များရှိ ကယ်ဆယ်ရေးစခန်းများ စနစ်တကျပိတ်သိမ်းနိုင်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာအတည်ပြုရေး နောက်ဆုံးအခြေအနေ၊ အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် အကဲဖြတ်အဖွဲ့ (ERAT)၏ ပြန်လည်လက်ခံရေးအတွက် လိုအပ်ချက်ဆန်းစစ်မှု အစီရင်ခံစာအရ တွေ့ရှိချက်များတွင် ရခိုင်ပြည်နယ်တွင် မတူညီသည့် အသိုက်အဝန်းများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နေသည်ကို တွေ့မြင်ရပြီး ယင်းအတွက် လူမှု-စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ရန် အရေးကြီးကြောင်း ဖော်ပြချက်များ၊ ဗြိတိန်သံအမတ်ကြီးက ကော့ဘဇားရှိ ဒုက္ခသည်များ အခြေအနေနှင့် ၎င်းတို့၏ မျှော်လင့်ချက်များ၊ လူမှုသဟဇာတရရှိရေး ချဉ်းကပ်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ဗြိတိန်နိုင်ငံမှ အကူအညီပေးနိုင်မည့် နယ်ပယ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Patrick Chugg အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်

# ဒေသတွင်းအခြေခံအဆောက်အအုံ မြှင့်တင်ခြင်း စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော်  မေ  ၉**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မွန်ပြည်နယ် အစိုးရအဖွဲ့တွင် **လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးလှထွန်း**အား ခန့်အပ်တာဝန်ပေးခြင်းကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ရုံးသုံးမော်တော်ယာဉ် ငါးစီးတင်သွင်းရာတွင် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ရရှိရေးကိစ္စ**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

## ကြက်ခြေနီလှုပ်ရှားမှုအနေဖြင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် အထူးကိစ္စတစ်ရပ်အဖြစ် တင်ပြရခြင်းဖြစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ICRC ရုံးချုပ်မှ မြန်မာနိုင်ငံရှိ ICRC ရုံးချုပ်သို့ လှူဒါန်းမည့် ရုံးသုံးမော်တော်ယာဉ် ငါးစီးတင်သွင်းရာတွင် အခွန်အကောက်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ရရှိရေးတင်ပြခြင်း ကိစ္စရပ်သည် ကြက်ခြေနီလှုပ်ရှားမှုအနေဖြင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် အထူးကိစ္စတစ်ရပ်အဖြစ် ပြည်ထောင်စုလွှတ်တော်တွင် ပထမဦးဆုံးအကြိမ် တင်ပြရခြင်း ဖြစ်ပါကြောင်း။


ဒုတိယဝန်ကြီး ဦးလှကျော် ရှင်းလင်းပြောကြားစဉ်။


ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း ဆွေးနွေးစဉ်။

ICRC အဖွဲ့သည် ရခိုင်ပြည်နယ်တွင် ပဋိပက္ခကြောင့် အကူအညီ လိုအပ်နေသည့် နေရာများနှင့် ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများကို မျှတစွာပေးအပ်နေသည့် အဖွဲ့အစည်းဖြစ်သည့်အပြင် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသော ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ၊ သောက်သုံးရေရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည့်အတွက် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ICRC ရုံးချုပ်မှ မြန်မာနိုင်ငံရှိ ICRC ရုံးသို့ လှူဒါန်းမည့် ရုံးသုံးမော်တော်ယာဉ် ငါးစီးအတွက် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က ICRC အနေဖြင့် အဆိုပါ မော်တော်ယာဉ်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် အဖွဲ့အစည်း၏ ရုံးသုံးယာဉ်အဖြစ် မှတ်ပုံတင်၍ သုံးစွဲရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ICRC ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအရ အခွန်ကင်းလွတ်ခွင့်ပြုသင့်ကြောင်း သုံးသပ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ သဘောတူညီချက် ရယူဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၃၆၄မဲ၊ ကန့်ကွက်မဲ ၁၆၉မဲ၊ ကြားနေမဲ နှစ်မဲဖြစ်၍ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒေသတွင်းအခြေခံအဆောက်အအုံ မြှင့်တင်ခြင်း စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှင်းလင်းဆွေးနွေးစဉ်။


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရှင်းလင်းဆွေးနွေးစဉ်။

**ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရေး**နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေး ကြသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်**က ဂျပန်နိုင်ငံမှ ချေးငွေဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံချေးယူရရှိရေးနှင့် စပ်လျဉ်းပြီး မိမိတို့ဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့ရေပေးရေးလုပ်ငန်းများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်ဆွေးနွေးခဲ့ကြပါကြောင်း၊ ဆွေးနွေးချက်များနှင့် စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဆွေးနွေးရမည်ဆိုပါက စီမံကိန်းအပိုင်း(၁)ကို ဂျပန်ယန်း ၂၆၂၄ သန်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုရှိ မြို့ပေါင်း ၂၃ မြို့တွင် မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းအပိုင်း(၂) အနေဖြင့် ၂၀၁၇-၂၀၁၈မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုရှိမြို့ပေါင်း ၂၂ မြို့တွင် ဂျပန်ယန်း ၆၀၀၄ သန်းဖြင့် မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းအပိုင်း(၃) ၏ မြို့ ၁၀ မြို့အနက် ရှစ်မြို့မှာရေပေးရေးလွှမ်းခြုံမှု ၁၀၀ ရာခိုင်နှုန်းရှိစေရန်၊ မြေပြင်အချက်အလက်များ၊ ဇလဘူမိအချက်အလက်များ၊ ရေအရည်အသွေးဆန်းစစ်ခြင်းများ၊ မြေခံနိုင်အားစမ်းသပ်ခြင်းများ၊ မြေအောက်ရေရရှိနိုင်မှု တိုင်းတာခြင်းများ စသည့်အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

## မြို့ပေါင်း ၁၀မြို့တွင် မြို့ရေပေးရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှချေးငွေ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံအနက်မှ ဂျပန်ယန်း ၅ ဒသမ ၄၈၃ ဘီလီယံချေးယူရန်ကိစ္စ အတည်ပြုခွင့်ပြုပေးနိုင်ရန် တင်ပြ

သို့ဖြစ်ပါ၍ ဒေသတွင်း အခြေခံအဆောက်အအုံမြှင့်တင်ခြင်း စီမံကိန်းအပိုင်း(၃) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် လှိုင်းဘွဲ့၊ ကျုံဒိုး၊ လိပ်သို၊ ကမမောင်း၊ ရေး၊ ဘီးလင်း၊ သံဖြူဇရပ်၊ ရေဖြူ၊ စစ်တွေ၊ ဂွ စသည့်တိုင်းဒေသကြီး/ပြည်နယ် လေးခုရှိ မြို့ပေါင်း ၁၀ မြို့တွင် မြို့ရေပေးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှချေးယူမည့် ချေးငွေ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံအနက်မှ ဂျပန်ယန်း ၅ ဒသမ ၄၈၃ ဘီလီယံချေးယူရန်ကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခွင့်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ယခုစီမံကိန်းအတွက် နိုင်ငံတော်အစိုးရကိုယ်စား JICA ထံမှ ချေးငွေအား တာဝန်ခံချေးယူသူ Borrower အဖြစ်ဆောင်ရွက်ရပြီး ချေးငွေသုံးစွဲမည့် ဝန်ကြီးဌာနများမှ ချေးငွေများထုတ်ယူသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ပေးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိသည့်အခါ ချေးငွေစာချုပ်ချုပ်ဆိုနိုင်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ချေးငွေထုတ်ယူသုံးစွဲမှုအပေါ်တွင် စောင့်ကြည့်ကြပ်မတ်ခြင်း၊ ချေးငွေအရင်း၊ အတိုးပေးဆပ်မှုအခြေအနေများကိုလည်း ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်တို့က ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၄၅၁ မဲ၊ ကန့်ကွက်မဲ ၁၃ မဲ၊ ကြားနေမဲ ငါးမဲ ဖြစ်၍ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## Protocol of 1988 relating to the International Convention for the Safety of Life at Sea, 1974 တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ဆွေးနွေး

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Protocol of 1988 relating to the International Convention for the Safety of Life at Sea,1974** တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဒဂုံမြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်**က ယခုလက်မှတ်ရေးထိုးမည့် ကွန်ဗင်းရှင်းသည် သင်္ဘောသားများ အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ အရေးကြီးသော ကွန်ဗင်းရှင်း ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အကြံပြုလိုသည်မှာ မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် ကွန်ဗင်းရှင်းများကို အမြန်ဆုံးပါဝင် လက်မှတ်ရေးထိုးသင့်ပါကြောင်း၊ International Convention for the Safety of Life at Sea,1974 (SOLAS)ကွန်ဗင်းရှင်းနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများ ပုံမှန်လက်မှတ်ရေးထိုးရန် ကာလကို ၁၉၈၉ ခုမှ ၁၉၉၀ ပြည့်နှစ်အထိ ခွင့်ပြုခဲ့ရာ အာဆီယံနှင့် ဒေသတွင်းနိုင်ငံအချို့တို့မှ လက်မှတ်ရေးထိုးပြီးဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးရန် နောက်ကျလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပါက ၂၀၁၈ ခုနှစ် မတ်လတွင် စစ်ဆေးမှုခံယူခဲ့သော အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် IMO အဖွဲ့ဝင်နိုင်ငံများ၏ လိုက်နာဆောင်ရွက်မှုကို စစ်ဆေးခြင်းအစီအစဉ်မှ မှတ်ချက်ပြုခဲ့သည့် လိုက်နာရန် ကျန်ရှိသော IMO ကွန်ဗင်းရှင်းအနက်တစ်ခုကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် Protocol of 1988 relating to the International Convention for the Safety of Life at Sea,1974 တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ တပ်မတော်သားပြည်သူ့


ဒုတိယဝန်ကြီး ဦးကျော်မျိုး ရှင်းလင်းဆွေးနွေးစဉ်။


ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန် ဆွေးနွေးစဉ်။

လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ချစ်ညီညီတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး**က Protocol of 1988 relating to the International Convention for the Safety of Life at Sea,1974 တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတတိယနေ့တွင် မိမိအနေဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် ပဉ္စမနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်လေးဦး ပြည့်ပြည့်စုံစုံ သုံးသပ်အကြံပြုထောက်ခံ ဆွေးနွေးတင်ပြသွားကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် အကြံပြုချက်များကို ဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကို ပြည်ထောင်စုလွှတ်တော်မှ သဘောတူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းနိုင်ငံ NEDA ထံမှ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ဆွေးနွေး

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းနိုင်ငံ NEDA ထံမှ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရေး**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

*စာမျက်နှာ ၈ သို့*

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ရခိုင်နိုင်ငံရေးပါတီများ၊ ရခိုင်အသင်းအဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်ဆိုင်ရာအတွေ့အကြုံရှိ ပညာရှင်များ ဒုတိယအကြိမ်တွေ့ဆုံညှိနှိုင်း

ရန်ကုန် မေ ၉

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီနှင့် ရခိုင်နိုင်ငံရေးပါတီများ၊ ရခိုင်အသင်းအဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အတွေ့အကြုံရှိပညာရှင်များနှင့် ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃)၌ ကျင်းပသည်။**

နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီသည် ရခိုင်နိုင်ငံရေးပါတီများဖြစ်ကြသည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသားပါတီ (ရန်ကုန်) တို့မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ရခိုင်လူမှုရေး အသင်းအဖွဲ့များဖြစ်ကြသည့် ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသား အသင်းချုပ်တို့မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်ဆိုင်ရာအတွေ့အကြုံရှိ ပညာရှင်များနှင့် လည်းကောင်း တွေ့ဆုံကာ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်းပြီး ရေတို၊ ရေရှည် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ထိုတွေ့ဆုံဆွေးနွေးပွဲများ၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်က အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲများသည် ဒုတိယအကြိမ် ဖြစ်ပါကြောင်း၊ ပထမအကြိမ် တွေ့ဆုံစဉ် လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တစ်ပြိုင်နက်တည်း တွေ့ဆုံခဲ့ပါကြောင်း၊ ယခုတစ်ကြိမ်တွင် အဖွဲ့အစည်းများအနေဖြင့် လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ သီးခြားစီတွေ့ဆုံရန် စီစဉ်ရခြင်းဖြစ်ပါကြောင်း။

မိမိတို့ကော်မတီနှင့် ပြီးခဲ့သည့် အခေါက် တွေ့ဆုံဆွေးနွေးရာတွင် ရခိုင်ပဋိပက္ခ၊ ရခိုင်ပြဿနာအပေါ်တွင် မိမိတို့၏အမြင်၊ သဘောထားများကို အကြံပြုတင်ပြခဲ့ကြပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ယင်းတင်ပြချက်များကို ကြားဖြတ်အစီရင်ခံစာတစ်စောင် ရေးသားပြီး နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ပါကြောင်း။

ယခုအခေါက် မိမိတို့၏ ရခိုင်ခရီးစဉ်တွင် အဓိကအနေဖြင့် ရခိုင်ပြည်နယ်၏ ပဋိပက္ခပြဿနာများ ပြေငြိမ်းရန်၊ ဖြေလျှော့နိုင်ရန်အတွက် သဘောထားအကြံပြုချက်များကို နိုင်ငံတော်သမ္မတထံ ဦးစားပေးတင်ပြအကြံပြုသွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့တွေ့ဆုံပွဲတွင် ပဋိပက္ခပြေငြိမ်းစေရန် မည့်သည့်အကြောင်းအရာ အချက်အလက်များကို ဆောင်ရွက်ပါက ကောင်းမွန်နိုင်မည်ဆိုသည်ကို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးရန် ပန်ကြားလိုပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် အထူးဖိတ်ကြား၍ တက်ရောက်လာသူများ ဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က ရခိုင်ပြည်နယ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် အငြိမ်းစား ဒုတိယဝန်ကြီး ဦးညီလှငယ်တို့က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ အမြန်ဆုံးလျော့ကျ၍ ရခိုင်ပြည်နယ်တစ်ခုလုံး အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို ရေရှည်ဆောင်ရွက်ရမည့် စီမံချက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်စကားပြောကြားရာတွင် မိမိတို့အနေဖြင့် ယခုကဲ့သို့ တွေ့သင့်သည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး တင်ပြလာသည့် အချက်အလက်များကို ကော်မတီက သုံးသပ်သွားမည် ဖြစ်ပါကြောင်း၊ ရရှိလာသည့် အချက်အလက်များကို ပြည်ထောင်စုအစိုးရအနေဖြင့် ရေတို ရေရှည်တွင် ဆောင်ရွက်နိုင်ရန် အစီရင်ခံစာတစ်ခုတင်ပြရမည့် တာဝန်သည် မိမိတို့၏ အဓိကတာဝန် ဖြစ်ပါကြောင်း။

တိုက်ပွဲများ၊ ပဋိပက္ခများကြောင့် မြေစာပင်ဖြစ်ရသည့် ပြည်သူများသည် ဇာတိဒေသကိုစွန့်ခွာ၍ ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းကန်နှင့် ဇရပ်များတွင် မှီခိုနေကြရပါကြောင်း၊ လယ်ယာကိုင်းကျွန်းများကိုပစ်၍ စိုက်ပျိုးရေးလုပ်ကိုင်နိုင်ခြင်းမရှိပါက လာမည့်နှစ်တွင် ရိက္ခာဖူလုံရန် အခက်အခဲရှိပါကြောင်း၊ မိမိတို့ကော်မတီကို တာဝန်ပေးထားခြင်းမရှိသော်လည်း လူသားချင်းစာနာသည့်အနေဖြင့်သော် လည်းကောင်း၊ အထောက်အကူပြုသည့်အနေဖြင့် သော်လည်းကောင်း ဒုက္ခရောက်နေသည့် တိုက်ပွဲရှောင် ပြည်သူများကို သွားရောက်ကူညီရမည့်တာဝန်မှာ မိမိတို့တွင်လည်း ရှိပါကြောင်း၊ ယခုတစ်ခေါက် မိမိတို့ ရခိုင်ခရီးစဉ်တွင် မင်းပြား၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင် လေးမြို့နယ်ရှိ တိုက်ပွဲရှောင် ပြည်သူများသို့ တိုက်ရိုက်ကူညီမှုများ ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မေ ၁၀ ရက်တွင် ရခိုင်ပြည်နယ်တွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**



**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင် ရခိုင်နိုင်ငံရေးပါတီများဖြစ်ကြသည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသားပါတီ (ရန်ကုန်)တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

*စာမျက်နှာ ၇ မှ*

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း**က နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် လျှပ်စစ်လုံလောက်စွာရရှိရန် အရေးကြီးသကဲ့သို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံအဝန်း ကြိုးပမ်းနေခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအတွက် ချေးငွေကုန်ရကျိုးနပ်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ ယခုချေးငွေပမာဏ၏ ၅၀ ရာခိုင်နှုန်း (ထိုင်းဘတ် ၇၂၉ ဒသမ ၁၄ သန်း)ကို ထိုင်းနိုင်ငံမှ ပစ္စည်းများ ဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုအတွက် အသုံးပြုရမည် ဖြစ်ခြင်းကြောင့် ခန့်မှန်းတွက်ချက်ထားသည့် လိုအပ်သော အဓိက ပစ္စည်းနှင့် ဆက်စပ်တန်ဖိုးကုန်ကျစရိတ်တို့ကို သေချာစွာစိစစ်ရန် လိုအပ်ပြီး စစ်မှန်သည့် အရည်အသွေးကောင်းကို ရွေးချယ်မိရန်အတွက် အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ယခုစီမံကိန်းဖော်ဆောင်မည့် မြို့နယ်များတွင် ရည်ရွယ်ချက် အောင်မြင်စေလိုပါက မိမိတို့တိုင်းပြည်၏ နိုင်ငံခြားငွေကုန်ကျစေပြီး ပြည်ပအောာမခံချက်နည်းသည့် အပေါစား လျှပ်စစ်မီတာများကို အသုံးမပြုရန် အလွန်အရေးကြီးပါကြောင်း၊ ပြည်တွင်းထုတ် ပစ္စည်းကောင်းသုံး၍ ယခင်ပျောက်ဆုံးယူနစ်သန်းပေါင်း ၄၀၀၀ မှ သန်းပေါင်း ၂၀၀၀ ခန့်ပြန်ရနိုင်ခဲ့ပါက ဝင်ငွေကျပ်ဘီလီယံ ရာချီသည့် ပမာဏကို ပြန်လည်ရရှိမည်ဖြစ်သည့်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အမြော်အမြင်ရှိစွာ လျှပ်စစ် ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရန် လိုအပ်သည့် ငွေကိုလည်း ချေးယူပြီး ထိရောက်သည့် လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းများဖြစ်စေရန် ဆောင်ရွက်စေလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးခင်မျိုးဝင်းနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်တို့က ဆွေးနွေးကြသည်။

ယင်းနောက် **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို**က အဂတိလိုက်စားမှုသည် အများအားဖြင့် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ဌာန၊ အဖွဲ့အစည်းများ၊ မြေယာ၊ ဓာတ်ပုံအထောက်အထားထုတ်ယူရသည့် နေရာများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ဆက်စပ်နေသည့် နေရာများ၊ လုပ်ပိုင်ခွင့်အာဏာရှိသည့်နေရာများ၊ ငွေကြေးကိုင်တွယ်သုံးစွဲမှုများပြားသည့် နေရာများတွင် အများဆုံးဖြစ်သည်ကို တွေ့ရပါကြောင်း၊ အောက်ခြေပြည်သူများနှင့်ပတ်သက်၍ အုပ်ချုပ်ရေးကဏ္ဍတွင် ရပ်ကွက်၊ ကျေးရွာအဖွဲ့အစည်းများအနေဖြင့် မြေယာများ၊ အိမ်ခြံမြေရောင်းဝယ်မှုများတွင် တရားမဝင်ငွေကြေးရယူမှုများ၊ အာဏာအလွဲသုံးမှုများ ရှိနေပါကြောင်း။

ပြည်သူအများ လိုလားနေသည့် အဂတိတရား သိသိသာသာလျော့နည်းကျဆင်းလာရန်အတွက် လက်ရှိအခြေအနေထက် လွန်စွာကြိုးပမ်းအားထုတ်ရန် လိုအပ်နေဦးမည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် စီမံချက် သဘောနှင့် အောက်ခြေအဆင့်ထိ စုံစမ်းစစ်ဆေးအရေးယူနိုင်မည်ဆိုပါက ပြည်သူအများ၏ အားကိုးယုံကြည်မှု ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး ကော်မရှင်၏ အစီရင်ခံစာ အပိုဒ် ၄ တွင် ပါသည့် ရည်ရွယ်ချက် ၆ ချက်ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခေါ်)ဒေါက်တာအားကာမိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဇစ်တာခလိုက်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ သန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်၊ စစ်ကိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်နှင့် ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းတို့က ဆွေးနွေးကြသည်။ ထို့နောက် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

### ဆွေးနွေးညှိနှိုင်း

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဂျီအမ်အက်စ်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ကနဦး နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေးနှင့် နှစ်နိုင်ငံနယ်စပ်တွင် နယ်စပ်ဖြတ်ကျော်စစ်ဆေးရေးစခန်း တည်ဆောက်ရေးကိစ္စ၊ မူဆယ် - မန္တလေးရထားလမ်းသစ်တည်ဆောက်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု၊ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

## တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေး

**ပြည် မေ ၉** - ပြည်ခရိုင် ရွှေတောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မြို့နယ်အတွင်း တောင်သူများကို မေ ၈ ရက်ကစ၍ ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ မိုးစပါးချေးငွေများကို တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ ရှားတိုင်းကျေးရွာအုပ်စုမှ တောင်သူ ၁၂ ဦးအား မိုးစပါး ၅၇ ဧကအတွက် ချေးငွေစုစုပေါင်း ၈၅၅၀၀၀၀ ကျပ် စတင်ထုတ်ချေးပေးခဲ့ကြောင်း၊ အဆိုပါချေးငွေများသည် မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူထားသောငွေများဖြစ်သောကြောင့် ပေးဆပ်ရန်ကျန်ရှိသော တောင်သူများအနေဖြင့် အမြန်ဆုံးပြေကျေစွာပေးဆပ်မှသာ ၂၀၁၉ မိုးရာသီအတွက် သတ်မှတ်ကာလအတွင်း ချေးငွေများ အဆင်ပြေစွာ ထုတ်ချေးသွားနိုင်မည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ရှိသူထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ မကွေးတိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ

မကွေး မေ ၉

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် မကွေးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ယနေ့ညပိုင်းက မကွေးတိုင်းဒေသကြီး စုပေါင်းရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းက ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ချမှတ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းခဲ့သည်မှာ လေးလကျော်ပြီ ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်၊ နိုင်ငံတော်အစိုးရ၏မူဝါဒ၊ ပြည်သူများ လိုလားသည့် နိုင်ငံရေးစနစ်နှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ဌာန၏ မျှော်မှန်းချက်(Vision)၊ လုပ်ငန်းတာဝန်(Mission)(၄)ရပ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ၃ ရပ်ကို ချမှတ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ပထမ သုံးလတာကာလတွင် အသွင်သဏ္ဍာန်ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယ သုံးလတာကာလတွင် ဆက်လက်ဆောင်ရွက်မည့် အနှစ်သာရပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြလမ်းညွှန်မှုခံယူခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းသို့ တင်ပြသည့်အခါတွင် မိမိတို့ဆောင်ရွက်မည့် One State-One Township ပြည်နယ်တစ်ခု၊ မြို့နယ်တစ်ခု စီမံချက်လုပ်ငန်းစဉ်အပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ အနေနှင့် (Myanmar Sustainable Development Plan) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)ကို သိရှိနားလည်ရန် လိုအပ်သည်ဟု လမ်းညွှန်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်မည့် One State-One Township Project သည် (MSDP) စီမံကိန်းနှင့် သဟဇာတဖြစ်ရန် လိုအပ်သကဲ့သို့ နိုင်ငံနှင့် ပြည်သူအတွက် အမှန်တကယ် လိုအပ်သည့် စီမံကိန်းများဖြစ်ရန်လည်း အဓိကကျသည့်အတွက် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေနှင့်လည်း စီမံကိန်းများပြုစုမရေးဆွဲမီ (MSDP)စီမံကိန်းကို နားလည်သဘောပေါက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**လုပ်ထုံးလုပ်နည်းများပြင်ဆင်နိုင်ရေး**

ထို့အပြင် ဝန်ထမ်းလက်စွဲများ၊ ဝန်ထမ်းကျင့်ဝတ်များ ပြန်လည်ရေးဆွဲရန်နှင့် ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရေးအတွက် ဝန်ကြီးဌာနအဆင့် Regulatory Review Unit ကို ဝန်ကြီးဌာနအကြံပေးအဖွဲ့ဝင်နှစ်ဦး၊ ဝန်ကြီးရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် ဖွဲ့စည်းဆောင်ရွက်သွားရန်လည်း စီစဉ်နေပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit) (CPU)ဖွဲ့စည်းရမည့် ဝန်ကြီးဌာနများတွင် ပါဝင်နေသည့်အတွက် ဝန်ကြီးရုံးဖွဲ့စည်းပုံကို ပြင်ဆင်နေပြီး ဖွဲ့စည်းပုံရသည်နှင့် (CPU) ဖွဲ့စည်းရန်နှင့် ကာကွယ်တားဆီးရေးစီမံချက်ရေးဆွဲဆောင်ရွက်သွားရန်လည်း ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း။

**အုပ်ချုပ်မှုသင်တန်းများဖွင့်လှစ်နိုင်ရေး**

ထို့အတူ ပြန်လည်ပြင်ဆင်နေသည့် ဝန်ကြီးဌာနဖွဲ့စည်းပုံတွင် အထွေထွေအုပ်ချုပ်ရေး သင်တန်းကျောင်းကို ဖွဲ့စည်းပုံတိုးချဲ့ရန်လည်း ပါဝင်ပြီး သင်တန်းကျောင်းကို အဆင့်မြှင့်တင်ရန် သင်ရိုးညွှန်းတမ်း၊ သင်ခန်းစာများကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရန် နိုင်ငံတကာအဆင့်မီတက္ကသိုလ်တစ်ခုနှင့် ချိတ်ဆက်ပြီး အုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်သွားနိုင်ရေးကိုလည်း ရည်ရွယ်ဆောင်ရွက်နေပါကြောင်း။

မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့ရေး စသည့်လူသားအရင်းအမြစ်များကို စီမံခန့်ခွဲသည့်စနစ်ကိုလည်း ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်နှင့် မျှမျှတတဖြစ်စေရေးအတွက် မူဝါဒရေးဆွဲဆောင်ရွက်နိုင်ရန်လည်း စီစဉ်နေပါကြောင်း။

**စွန့်လွှတ်မြေဆိုင်ရာအမှုတွဲများ ဖြေရှင်းရေး**

မိမိအနေနှင့်အထူးပြောလိုသည်မှာ သိမ်းဆည်းမြေဆိုင်ရာ အမှုတွဲများ၊ စွန့်လွှတ်မြေဆိုင်ရာ အမှုတွဲများကို မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်မှုအရ ဗဟိုကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး အစရှိသည့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်ကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

ထိုသို့ ပြင်ဆင်ဖွဲ့စည်းခဲ့ရာတွင် ဝန်ထမ်းဖွဲ့စည်းပုံခိုင်မာမှုရှိသည့် မိမိတို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို အဓိကတာဝန်ပေးထားပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေ/ စစ်ကော်မတီအတွင်းရေးမှူးများအဖြစ် လည်းကောင်း၊ ခရိုင် မြေ/ စစ်ကော်မတီများတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒု-အုပ်ချုပ်ရေးမှူးများကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအဖြစ် လည်းကောင်း၊ မြို့နယ်မြေ/စစ်ကော်မတီများတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒု-အုပ်ချုပ်ရေးမှူးများကို ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများအဖြစ် လည်းကောင်း တာဝန်ပေးအပ်ထားခြင်း ဖြစ်ပါကြောင်း။

**အဓိကတာဝန်တစ်ရပ်အဖြစ်ခံယူ**

ထို့ကြောင့် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ အနေဖြင့် ဌာန၏ မူလလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်နှင့် မြေ/စစ်ဗဟိုကော်မတီက ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကိုလည်း မိမိတို့၏အဓိကတာဝန်တစ်ရပ်အဖြစ်ခံယူပြီး သိမ်းဆည်း မြေ၊ စွန့်လွှတ်မြေဆိုင်ရာ ကိစ္စရပ်များကို ဗဟိုကော်မတီမှ ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ မြေစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြန်မြန်ဆန်ဆန် ဖြေရှင်း ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

**အမှုတွဲများအမြန်ဆုံးဖြေရှင်း**

မကွေးတိုင်း မြေ/စစ် ကော်မတီအနေဖြင့်လည်း ဗဟိုကော်မတီမှပေးပို့ထားသည့် တိုင်ကြားစာအမှုတွဲ ၁၉၃ တွဲအနက် ဆောင်ရွက်ဆဲအမှုတွဲ ၁၄၄ တွဲနှင့် ပိတ်သိမ်းအမှုတွဲ ၄၉ တွဲဖြစ်ခြင်းကြောင့် ပြီးစီးမှုရာခိုင်နှုန်းနည်းနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ကျန်အမှုတွဲများ အမြန်ဆုံး မှန်ကန်ပြီးပြတ် အောင်ဖြေရှင်းပေးနိုင်ရန် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မြေ/ စစ်ကော်မတီအဆင့်ဆင့်က အင်တိုက်အားတိုက်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ မကွေးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

> **“အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့ရေး စသည့်လူသားအရင်းအမြစ်များကို စီမံခန့်ခွဲသည့်စနစ်ကိုလည်း ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်နှင့် မျှမျှတတဖြစ်စေရေးအတွက် မူဝါဒရေးဆွဲဆောင်ရွက်နိုင်ရန်လည်း စီစဉ်နေ”**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဗြိတိန်နှင့် တရုတ်သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ နံနက် ၁၀ နာရီက အဆိုပါ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Daniel Patrick Brendon Chugg နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီတွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်အား လက်ခံတွေ့ဆုံ၍ တရုတ် - မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၉**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ ဇလ**

❄ *ကျောဖုံးမှ*

မကြာမီက ယခုခန်းမ၌ မဏ္ဍိုင်လေးရပ် တွေ့ဆုံပွဲ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ သတင်းမီဒီယာများနှင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်တို့ တွေ့ဆုံပြီး အဓိကဆွေးနွေးသည့် အကြောင်းအရာမှာ သတင်းမီဒီယာများအနေဖြင့် မဏ္ဍိုင်သုံးရပ်၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းခွင့်ရရန်၊ သတင်းအချက်အလက်ရရန်၊ တွေ့ဆုံခွင့်ရရန် တစ်နည်း ထိတွေ့ခွင့်ရရန်အတွက် ဆွေးနွေးသည်များရှိပါကြောင်း၊ ထိုကဲ့သို့ ဆွေးနွေးသည့်အခါ သိချင်သည်များကို မေးမြန်းပါက ဖြေကြားရန်နှင့် အခါအားလျော်စွာ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ရန်လည်း ပါဝင်ပါကြောင်း။

### ကိုးကြိမ် ပြုလုပ်ရန်ရှိ

မိမိတို့အနေဖြင့် ဝန်ကြီးဌာနများ၏ သတင်းစာရှင်းလင်းပွဲများကို ရက်တစ်ရာမှစ၍ ပြုလုပ်ခဲ့ပြီး တစ်နှစ်တာ၊ နှစ်နှစ်တာကာလ လုပ်ငန်းဆောင်ရွက်ပြီးစီးသည်များကို သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါကြောင်း၊ ယနေ့တွင် တတိယ တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့်ကိစ္စများနှင့် ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ရှင်းလင်းတင်ပြရန်ရှိပြီး နောက်ရက်များတွင်လည်း သတ်မှတ်သည့် ရက်များအလိုက် သတင်းစာရှင်းလင်းပွဲ ကိုးကြိမ်ဆက်၍ ပြုလုပ်ရန်ရှိပါကြောင်း။

ယနေ့ သတင်းစာရှင်းလင်းပွဲတွင် သက်ဆိုင်သည့် အကြောင်းအရာများကို မေးမြန်းနိုင်ပြီး နောက်ထပ်ဆက်လက်၍ ယခုအကြောင်းအရာများဖြစ်စေ၊ အခြားအကြောင်းအရာများဖြစ်စေ သိလိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့် ရှိသူများကိုလည်း ဆက်သွယ်၍ မေးမြန်းကြရန်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် သတင်းစာရှင်းလင်းပွဲဓလေ့နှင့် သတင်းရယူမှု တိုးတက်စေရန်အတွက် ဆောင်ရွက်လာသည်မှာ အရင်ကထက်စာပါက တိုးတက်မှုရှိလာသည်ဟု မြင်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် သတင်းသမားများနှင့် သတင်းဖြန့်ချိပေးရမည့် ဌာနအသီးသီးမှ တာဝန်ရှိသည့် ပုဂ္ဂိုလ်များနှင့်လည်း ထိတွေ့မှု တော်တော်များလာသည့်အတွက် ရင်းနှီးမှုများလည်း ရှိလာပါကြောင်း၊ လူပုဂ္ဂိုလ်ချင်းလည်း သိရှိကြပြီး ဖုန်းနံပါတ်များလည်း ရှိပါကြောင်း၊ သို့ဖြစ်၍ သတင်းကိစ္စများနှင့်ပတ်သက်ပြီး ဆက်သွယ် မေးမြန်းနိုင်ပါကြောင်း ပြောကြားသည်။

### စစ်ဆေးရမည့်အဖွဲ့အစည်း ၁၅၄၃၄ ခုရှိ

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက စာရင်းစစ်ရုံး အဆင့်ဆင့်နှင့် စစ်ဆေးရမည့် အဖွဲ့အစည်း အရေအတွက်သည် ရုံးချုပ်မှ စစ်ဆေးရမည့် အဖွဲ့အစည်းအရေအတွက် ၁၈၃ ခု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုတွင် ၁၈၄၄ ခု၊ နေပြည်တော်ကောင်စီတွင် ၃၅၉ ခု စုစုပေါင်း ရုံးအရေအတွက် ၃၈၈ ခုတွင် စစ်ဆေးရမည့် အဖွဲ့အစည်းအရေအတွက် ၁၅၄၃၄ ခု ရှိပါကြောင်း။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

### ငွေကြေးများ ထိရောက်စွာအသုံးပြုမှု

ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၁၁ အရ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တာဝန် ၂၇ ခုရှိပြီး အဓိကတာဝန်များသည် ပုဒ်မ ၁၁ (ခ)- ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏ အရအသုံးစာရင်းများကို စစ်ဆေးခြင်း၊ အရအသုံး ခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ အရအသုံး ခန့်မှန်းခြေငွေစာရင်းပါ သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြုမှု ရှိ၊ မရှိ စစ်ဆေးခြင်းတို့ဖြစ်ပြီး ပုဒ်မ ၁၁(င)- သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေသည် မူလရည်ရွယ်ချက် သို့မဟုတ် ရည်မှန်းချက်ဖြစ်မြောက်စေမည့် အခြေအနေမျိုး ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပုဒ်မ ၁၁(စ)- ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့သည် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများအရ သတ်မှတ်ထားသည့် စာရင်းထားသိုပုံနည်းစနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပုဒ်မ ၁၁ (ဆ)- ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ စီမံကိန်းနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများသည် ပြည်သူများအတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပုဒ်မ (ဇ) - ပိုင်ရှင်မဲ့ပစ္စည်းများ၊ ဖမ်းဆီးသိမ်းယူထားသည့် ပစ္စည်းများ၊ ပြည်သူပိုင်အဖြစ် ကြေညာ၍ သိမ်းယူထားသည့်ပစ္စည်းများ၊ ပိုင်ရှင်က တရားဝင်စွန့်လွှတ်ထားသည့် ပစ္စည်းများကို ပြည်သူပိုင်ပစ္စည်းများအဖြစ် သက်ဆိုင်ရာတို့က တရားဝင်စာရင်းသွင်းခြင်း ရှိ၊ မရှိ၊ ထိန်းသိမ်းခြင်း ရှိ၊ မရှိ၊ စနစ်တကျ အသုံးပြုခြင်း ရှိ၊ မရှိ၊ လိုအပ်သည့် ကိစ္စများတွင် စနစ်တကျ ထုခွဲရောင်းချလွှဲပြောင်းပေးခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပုဒ်မ ၁၁(ဈ)- ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်း လုပ်ကိုင်မှုတွင် ကြီးကြပ်ကွပ်ကဲမှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းကွပ်မှုများဖြင့် ဆောင်ရွက်မှု၊ စီးပွားရေး စွမ်းဆောင်ရည်တိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးသက်ရောက်မှု၊ လုပ်ငန်းစည်းစနစ်ကျမှု၊ ဝန်ထမ်းများ အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်မှု၊ ငွေကြေးနှင့် ပစ္စည်းများကို အကျိုးရှိစွာအသုံးပြုနိုင်မှု စသည်တို့ကို စစ်ဆေးခြင်း၊ ပုဒ်မ ၁၁ (ထ)- ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော် ကောင်စီတို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့်စာရင်းများဆိုင်ရာ ရငွေနှင့် ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေနှင့် ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ၊ မရှိ စစ်ဆေးခြင်းတို့ဖြစ်ပါကြောင်း။

### ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ

အစီရင်ခံစာတင်ပြခြင်းအပိုင်းတွင် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့၍ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ ၂၀၁၈ ခုနှစ် ဩဂုတ် ၂၇ ရက်၌ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီးဖြစ်၍ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးနိုင်ရေးအတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ စိစစ်လျက်ရှိပါကြောင်း။

### ငွေကြေးနှင့်လုပ်ငန်းဆောင်ရွက်မှုကိစ္စ

သဘောထားမှတ်ချက်များ အနေဖြင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ သဘောထားမှတ်ချက် တောင်းခံလာသည့် ငွေ၊ ပစ္စည်းနှင့် ရရန်ရှိသည်များ၊ ဆုံးရှုံးမှုအတွက် စာရင်းမှ ပယ်ဖျက်ရန်ကိစ္စအပါအဝင် ငွေကြေးနှင့် လုပ်ငန်းဆောင်ရွက်မှုကိစ္စများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ စာရင်းကိုင်မှုများနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်များ ပြန်လည်ပေးပို့လျက်ရှိရာ တတိယ (၁)နှစ်တာကာလအတွင်း ၂၁၃ စောင် ပြန်ကြားပေးပို့နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ မဟာဗျူဟာ လုပ်ငန်းစီမံချက်အနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရည်မှန်းချက်များကို ရရှိစေရေးအတွက် မဟာဗျူဟာလုပ်ငန်းစီမံချက်(၂၀၁၈-၂၀၂၂)ကို ရေးဆွဲနိုင်ခဲ့ပြီး ယင်းမဟာဗျူဟာစီမံချက်အရ နှစ်အလိုက် လုပ်ငန်းစီမံချက်အဖြစ် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု စီမံချက်အရ ISSAI အခြေပြု ဘဏ္ဍာရေးစာရင်း စစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း၊ ဥပဒေ စည်းမျဉ်းစည်းကမ်းလိုက်နာမှု စစ်ဆေးခြင်း၊ လက်စွဲများ ရေးသားပြုစုခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ Pilot Audit များ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ ပြည်သူ့ကဏ္ဍ စာရင်းစံများ (IPSAS) သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးနှင့် လိုက်နာကျင့်သုံးနိုင်ရေးအတွက် Training Material များ ပြုစုခြင်း၊ သင်တန်းများတွင် ထည့်သွင်းသင်ကြားခြင်း၊ Internal Audit Division ကို တိုးတက်အောင် ဆောင်ရွက်ခြင်း၊ Quality Assurance Review လမ်းညွှန်ထုတ်ပြန်ရန် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားသို့ ပညာတော်သင်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ စေလွှတ်ခြင်းနှင့် ဆင့်ပွားသင်တန်းများ ပို့ချခြင်း၊ e-Government စနစ် အကောင်အထည်ဖော်ရန် ရုံးတွင်း ICT Related သင်တန်းများ စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ASEANSAI၊ ASOSAI၊ INTOSAI အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများ (Activities) များတွင် ပါဝင်ခြင်း၊ နိုင်ငံတော်၏ e-Government စနစ် အကောင်အထည်ဖော်မှုတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့်လည်း Website Upgrade ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### နိုင်ငံတကာ စံနှုန်းများနှင့်အညီ

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေတွင် စစ်ဆေးရေးလုပ်ငန်းများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးနှင့်လည်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးထားပြီးဖြစ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကမ္ဘာ့ဘဏ် (World Bank)၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (GIZ)၊ ဥရောပသမဂ္ဂ(EU)တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေ (Legal) ပိုင်းနှင့် စပ်လျဉ်း၍ Independence , Mandate နှင့် Legislation တို့အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းမှုကော်မတီ (JPAC)၊ ဥရောပသမဂ္ဂ(EU) တို့နှင့် ပူးပေါင်းပြီး Workshop များ ကျင်းပခဲ့ပါကြောင်း။

### လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများ

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးဝန်ထမ်းများ အနေဖြင့် ဘဏ္ဍာရေးစာရင်း စစ်ဆေးခြင်း (Financial Audit)၊ လိုက်နာမှု စစ်ဆေးခြင်း (Compliance Audit)၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း (Performance Audit) စသည်တို့ကို ISSAI နှင့်အညီ ဆောင်ရွက်နိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများနှင့် လုပ်ငန်းခွင်ဆိုင်ရာသင်တန်းများ ကျင်းပကာ ISSAI နှင့်အညီ လက်တွေ့စမ်းသပ်စစ်ဆေးခြင်း (Pilot Audit) များကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### ဘဏ္ဍာရေးရှင်းတမ်းများ စစ်ဆေး

အဆိုပါ (Pilot Audit) များအပြင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေဖြင့် ဆောင်ရွက်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မအူပင်-ဖျာပုံ-ကျိုက်လတ်လမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားဖြန့်ဖြူးရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့၏ ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေး၍ အစီရင်ခံစာ ထုတ်ပြန်ခဲ့ပါကြောင်း။

နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးနှင့် ပူးပေါင်း၍ လိုက်နာမှုစစ်ဆေးခြင်း နည်းလမ်းဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(ရုံးချုပ်) ၏ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တို့အတွက် ခိုင်ကြေးရငွေ (Royalty) ရရှိမှု၊ စီမံခန့်ခွဲမှုကော်မတီ၊ ပူးတွဲစီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများ၊ ကျွမ်းကျင်မှုဆိုင်ရာ ပူးတွဲကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုနှင့် ကန်ထရိုက်တာများ၏ ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေး၍ အစီရင်ခံစာတင်ပြခြင်းတို့နှင့် စပ်လျဉ်း၍ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေး၍ အစီရင်ခံစာထုတ်ပြန်ခဲ့ပါကြောင်း။

ဥရောပသမဂ္ဂ (EU)၏ အကူအညီဖြင့် ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်း ရှစ်ခု၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးအစီရင်ခံစာ ထုတ်ပြန်ခဲ့ပါကြောင်း။

နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံး၏ နည်းပညာအကူအညီ ထောက်ပံ့ပေးမှု သဘောတူညီချက်အရ ISSAI နှင့်အညီ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဆေးဝါးဖြန့်ဖြူးမှုလုပ်ငန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်ရေပေးဝေမှုလုပ်ငန်းတို့တွင် လက်တွေ့စမ်းသပ်စစ်ဆေးရန် ကြိုတင်ပြင်ဆင်သည့်အဆင့် (Pre-Planning) ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဝန်ထမ်းပေါင်း ၁၀၀၀ ကျော် သင်ကြား

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသော သင်တန်းများအနေဖြင့် အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် စာရင်းပညာဝန်ဆောင်မှု သင်တန်းများအနေဖြင့် အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းကို နေပြည်တော် သင်တန်းကျောင်း သာမက တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်ရုံး လေးခု၊ အလယ်အလတ်နှင့် အဆင့်မြင့် စာရင်းကိုင်သင်တန်းများကို နေပြည်တော်သင်တန်းကျောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း)နှင့် (ဒုတိယပိုင်း) သင်တန်းများကို နေပြည်တော်သင်တန်းကျောင်းနှင့် ရန်ကုန်သင်တန်းကျောင်းတို့တွင် ဖွင့်လှစ်ပြီး နှစ်စဉ်ဝန်ထမ်းပေါင်း ၁၀၀၀ ကျော်ကို သင်ကြားပို့ချပေးနိုင်ခဲ့ပါကြောင်း။

လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပထမပိုင်း)နှင့် (ဒုတိယပိုင်း) သင်တန်းများကို ရန်ကုန်သင်တန်းကျောင်းတွင် ဖွင့်လှစ်ပြီး နှစ်စဉ် သင်တန်းသား ၃၀၀ ကျော်ကို သင်ကြားပို့ချပေးနေခြင်းကြောင့် နိုင်ငံအတွက် အဆင့်မြင့်စာရင်းပညာရပ်များ တတ်ကျွမ်းသည့် စာရင်းပညာရှင်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါကြောင်း။

### ပြည်သူ့စာရင်းကိုင်များ တိုးပွားရေး

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များ အနေဖြင့် မြန်မာနိုင်ငံစာရင်း ကောင်စီဥပဒေ (၂၀၁၅) ကို ပြင်ဆင်သည့် ဥပဒေကို ၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၅)ဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် ပြဋ္ဌာန်းနိုင်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် သုံးနှစ်တာကာလအတွင်းမှာ Professional Body ဖြစ်သည့် MICPA ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ တိုးတက်ဖြစ်ပေါ်မှုရှိစေရေး ပွဲကိုင်ထိန်းကျောင်းခြင်း၊ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ခွင့်ပြုခြင်း၊ အရည်အချင်းပြည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ တိုးပွားရေးအစီအမံများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ကိုယ်ပိုင်သင်တန်းကျောင်းများနှင့် သင်တန်းဆရာများ အရေအတွက် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စာရင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်း စံ (IFRS) ကို ၂၀၂၂-၂၀၂၃ ကစပြီး လိုက်နာကျင့်သုံးနိုင်ရေးအတွက် အမိန့်ကြော်ငြာစာကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်နိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရှေ့ကာလများတွင် ပြင်ဆင်ပြောင်းလဲထားသည့် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၈ - ၂၀၂၂)ကို ရေးဆွဲနိုင်ခဲ့ပြီး နှစ်အလိုက်လုပ်ငန်းစီမံချက်အဖြစ် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ

*စာမျက်နှာ ၁၀ မှ*

မြန်မာနိုင်ငံ စာရင်းကောင်စီသည် ပုဂ္ဂလိကစာရင်းကဏ္ဍနှင့် စာရင်းပညာရှင်များကို ကြီးကြပ်ထိန်းကျောင်းသည့် အဖွဲ့အစည်းတစ်ခုအနေဖြင့် ခေတ်ကာလနှင့်လျော်ညီသည့် ပြုပြင်ပြောင်းလဲ တိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်မှုများသည် မြန်မာ့စီးပွားရေးနယ်ပယ်တွင် နိုင်ငံတကာနှင့်အညီ စာရင်းပညာ၊ အခွန်နှင့်ဘဏ္ဍာရေးဆိုင်ရာ စီမံအုပ်ချုပ်မှုကိစ္စရပ်များ ဖြစ်ထွန်းပေါ်ပေါက်မှုအတွက် အထောက်အကူပြုနိုင်ခဲ့ပါကြောင်း။

ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနေဖြင့် IT Audit ဆောင်ရွက်နိုင်ရေးအတွက် IT Infrastructure များ ဖြည့်ဆည်းခြင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု Public Finance Management (PFM) စီမံကိန်းအရ Mini Data Centre (MDC) ဝယ်ယူ တည်ဆောက်၍ အချက်အလက်များ မျှဝေသုံးစွဲနိုင်ရေး Knowledge Platform တစ်ခု တည်ဆောက်ခြင်း၊ Audit Management System ကျင့်သုံးနိုင်ရေး ဆောင်ရွက်ခြင်း၊ Window Based မှ Web Based သို့ အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည့် Government Accounting System (GAS) Software ကို နေပြည်တော်တွင်သာမက တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများတွင် အသုံးပြုနိုင်ရန်နှင့် နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးများကြား Video Conferencing System ကို အသုံးပြု၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများ၊ အစည်းအဝေးများ ပြုလုပ်နိုင်ရေးတို့ကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိခြင်း၊ ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း (Financial Audit)၊ လိုက်နာမှု စစ်ဆေးခြင်း(Compliance Audit)၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း (Performance Audit) တို့ကို ISSAI နှင့်အညီ ဆောင်ရွက်နိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ ပြည်သူ့ကဏ္ဍစာရင်း စံ (IPSAS)များနှင့်အညီ လိုက်နာကျင့်သုံးနိုင်ရေး၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကော်မတီများ ဖွဲ့စည်းခြင်းနှင့် သင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုင်းထွန်းညိုက "ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့ရသဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်ပြည်မ အကြားအလပ်မရှိစေရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်" ဟူသော မဟာဗျူဟာအရ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

**လူမှုစီးပွားဘဝတိုးတက်လာစေရေး**

အဓိကလုပ်ငန်းတာဝန်ကြီး နှစ်ရပ်သည် နယ်စပ်ဒေသများ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရေး၊ နယ်စပ်ဒေသတွင် နေထိုင်သည့် လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများဖွံ့ဖြိုးရေး၊ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိရာတွင် လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဆောင်ရွက်ခြင်းနှင့် လိုအပ်သည်များ ထောက်ပံ့ပေးခြင်း၊ နယ်စပ်ဒေသများ မီးလင်းရေးအတွက် လျှပ်စစ်မီး၊ ဆိုလာမီး၊ အင်ဂျင်မီး ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဒေသတွင်ရှိသည့် IDPs များ၊ အလင်းဝင်များနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအတွက် စားနပ်ရိက္ခာ၊ လူ့အသုံးအဆောင်များ ထောက်ပံ့ခြင်း၊ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းတို့ကိုလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ လုပ်ငန်းများကို အဓိကအားဖြင့် နယ်စပ်မျဉ်းနှင့် ထိစပ်နေသည့် ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီး နှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း ခြောက်ခုမှ မြို့နယ်ပေါင်း ၁၆၇ မြို့နယ်၊ ကျေးရွာပေါင်း သုံးသောင်းကျော်တွင် မြေလမ်း ၆၀၈ မိုင်၊ ကျောက်လမ်း ၃၁၉ မိုင်၊ ကတ္တရာလမ်း ၄၃ မိုင်၊ ကွန်ကရစ်လမ်း သုံးမိုင်၊ ကွန်ကရစ်ရေကျော် သုံးစင်း၊ မြေထိန်းနံရံ ၁၉ ခု၊ လမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း ၁၅ မိုင်၊ တံတားကြီး၊ လတ်၊ ငယ် စုစုပေါင်း ၁၉၁ စင်း၊ Box Culvert ၁၈၃ စင်း၊ ရဟတ်ယာဉ်ကွင်း ၁၅ ကွင်း၊ မူလတန်းကျောင်း ၂၂ ကျောင်း၊ အလယ်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်း နှစ်ကျောင်း၊ ဆေးရုံ တစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ သုံးခု၊ ဆည် သုံးဆည်၊ စိုက်ပျိုးရေသွယ်ယူခြင်း သုံးမိုင်၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၃၀၊ ကျေးရွာအရောက် စိမ့်စမ်းရေသွယ်ယူခြင်း ၉၉ မိုင်၊ အဝီစိတွင်း ၃၀၊ မြေသားရေကန် ၁၃၈ ကန်၊ အုတ်ရေကန် ၈၄ ကန်၊ အုတ်စီရေတွင်း သုံးတွင်း၊ ရေတံလျှောက်နှင့် ဖိုင်ဘာရေတိုင်ကီ အလုံး ၇၀၀၊ ရေအားလျှပ်စစ်လုပ်ငန်း ရှစ်ခု၊ လျှပ်စစ်မီးသွယ်တန်းခြင်း ၃၁ မိုင်၊ ဆိုလာ မီးလင်းရေး ၁၇၃၅ စုံ၊ ထရန်စဖော်မာ နှစ်လုံး၊ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရေး ၃၃၁ လုံး၊ ဝန်ထမ်းအိမ်ရာ ၁၄ လုံးတို့ကို အစိုးရ၏ တတိယ တစ်နှစ်တာအတွင်း ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

ထို့ပြင် နယ်စပ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းသည်နှင့်အမျှ ဖွံ့ဖြိုးမှုများ နောက်ကျရသည့်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိရာ မဂွေဇ-ခေါင်လန်ဖူးလမ်းကို ဖောက်လုပ် ဆောင်ရွက်လျက်ရှိပါကြောင်း။



**နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုင်းထွန်းညို ရှင်းလင်းပြောကြားစဉ်။** သတင်းစဉ်



**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး ရှင်းလင်းပြောကြားစဉ်။** သတင်းစဉ်

**အသက်ဆုံးရှုံးခဲ့ရမှုများရှိ**

ယခင်က မဂွေဇမှ ခေါင်လန်ဖူးအထိ ၆၅ မိုင် ၄ ဖာလုံခရီးမှာ ရှန်ငေါ်တောင်တန်းကို ကျော်ရပြီး ၁၂ ရက်မှ ၁၃ ရက်အထိ ခြေကျင်ခရီး သွားလာကြရပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ရာသီဥတုကြမ်းတမ်းမှုကြောင့် ဒေသခံတိုင်းရင်းသားများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများသည် ခရီးသွားလာရင်း အသက်ဆုံးရှုံးခဲ့ရမှုများလည်း ရှိခဲ့ပါကြောင်း။

**ရာသီမရွေး သွားလာနိုင်သည့်လမ်း**

ထို့ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနက နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ လမ်းညွှန်မှုနှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းနှင့် ရဝမ်ဌာနေပြည်သူ့စစ်တို့ ပူးပေါင်းပြီး အထူးကိစ္စတစ်ရပ်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ကာ လေးနှစ်စီမံကိန်းနှင့် မဂွေဇ-ခေါင်လန်ဖူးလမ်း ၆၅ မိုင် ၄ ဖာလုံကို ရာသီမရွေး သွားလာနိုင်သည့်လမ်းအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် လမ်းပန်းဆက်သွယ်မှု အခက်ခဲဆုံးဒေသတွင် ပါဝင်သည့် ပန်နန်းဒင်မြို့သည် မြန်မာနိုင်ငံ၏ မြောက်ဘက်ဆုံးမြို့ဖြစ်ပြီး ယင်းဒေသသည် ရောဝတီမြစ်၏ ရေဝေရေလဲဒေသဖြစ်ကာ နောင်မွန်မြို့နယ်၊ ပန်နန်းဒင် အပါအဝင် ငါဝါ၊ ဂဝိုင်၊ ဒုံဇုံ၊ တဆူထု၊ တလာထု၊ ခရောင်၊ ဒဟွမ်ဒမ်း ကျေးရွာများသည် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နယ်မြေအတွင်း ပါဝင်ကြောင်း၊ သို့သော် အဆိုပါကျေးရွာများသည် အစွန်အဖျားဒေသများ ဖြစ်သည်နှင့်အညီ ခြေကျင်လမ်းသာရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျနေသည့် ဒေသများဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ယင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် ပန်နန်းဒင်- ငါဝါ- ဂဝိုင်-ဒုံဇုံ-တဆူထု-တလာထု-ခရောင်-ဒဟွမ်ဒမ်း လမ်း ၆၃ မိုင်ကို ယခု ဘဏ္ဍာနှစ်က စတင်ကာ မြေသားလမ်းစတင်ဖောက်လုပ်နေပြီဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism)လည်း တိုးတက်လာမည် ဖြစ်ပါကြောင်း။

**ပန်ပက်ကျေးရွာအုပ်စု ရေရရှိရေး**

ထို့ပြင် ရေရရှိရေးဆောင်ရွက်ပေးမှုအနေဖြင့် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာအုပ်စု ရေရရှိရေးစီမံကိန်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ထူးထူးခြားခြား ဆောင်ရွက်ပေးနိုင်ခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ပန်ပက်ကျေးရွာအုပ်စု လွိုကထိကျေးရွာအနီး ပေ ၁၀၀ အနက်ရှိ မြေအောက်ဂူရေထွက်မှ ရေစုပ်ပန့်များနှင့် Ground Tank သို့ ရေစုပ်တင်ကာ တောင်အမြင့်ရှိ ရေစုကန်များသို့ တွန်းတင်သည့်စနစ်ဖြင့် ရေတင်ပြီး ၎င်းမှတစ်ဆင့် Gravity System ဖြင့် ကျေးရွာပေါင်း ခုနစ်ရွာကို ပေးပို့နိုင်ခဲ့ပါကြောင်း။

ဒုတိယအဆင့် ထပ်တွန်းစက်ရုံများဖြင့် တောင်ထိပ်များသို့ ထပ်မံရေတင်ပြီး ကျေးရွာ ငါးရွာကို ထပ်မံပေးပို့နိုင်ပြီး တတိယအဆင့် ထပ်တွန်းစက်ရုံများဖြင့် တောင်ထိပ်များသို့ ထပ်မံရေတင်ပြီး ကျေးရွာငါးရွာကို ဆက်လက်ဖြန့်ဝေပေးလျက်ရှိရာ စုစုပေါင်းဧရိယာ စတုရန်းမိုင် ၅၀ အတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာကို သန့်ရှင်းသော သောက်သုံးရေ၊ စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း၊ ရေရရှိရေးစီမံကိန်းအတွက် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ပင်မရေပိုက်လိုင်းနှင့် ရေဖြန့်ဝေပိုက်လိုင်း ၁၃/၅ မိုင် သွယ်တန်းခြင်း၊ ရေကန် ၃၈ လုံး တည်ဆောက်ခြင်း၊ ရေစုပ်ပန့်၊ ရေတင်ပန့်၊ ရေစက်ရုံနှင့် ရေတားတမံများ တည်ဆောက်ခြင်း၊ 100 KVA ထရန်စဖော်မာနှင့် 50 KVA ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံများအတွက် ကြီးမားသောအကျိုး ရရှိသည့် ရလဒ်တစ်ခုဖြစ်ပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုစီမံကိန်း နှစ်ခု၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ၁၁ ခုရှိပြီး အဆိုပါ စီမံကိန်းများအနက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း (Education for Peace and Development-EPD) ကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့) ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါစီမံကိန်းကို ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်မြောက်ပိုင်း)တွင် ၂၀၀၂ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်အထိ စာသင်ကျောင်း ၃၀၀ တည်ဆောက်ခြင်းနှင့် စာသင်ကျောင်း ၉၂ ကျောင်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

**စာသင်ကျောင်း ၁၂၀ တည်ဆောက်**

စီမံကိန်းစတုတ္ထအဆင့်အဖြစ် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်ကာလတွင် စာသင်ကျောင်း ၁၂၀ တည်ဆောက်ခြင်းနှင့် စာသင်ကျောင်း ၅၀ ပြုပြင်ခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်မြောက်ပိုင်း)အပြင် ကယားပြည်နယ် ခုနစ်မြို့နယ်တွင်လည်း တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စီမံကိန်းစတုတ္ထအဆင့်၏ ပထမနှစ်အတွက် စာသင်ကျောင်း ၂၂ ကျောင်း ဆောက်လုပ်ခြင်းနှင့် စာသင်ကျောင်း ၁၀ ကျောင်း ပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်၍ ၂၀၀၂ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီအထိ စုစုပေါင်း စာသင်ကျောင်း ၃၁၀ တည်ဆောက်ခြင်းနှင့် ၁၀၂ ကျောင်း ပြုပြင်ခြင်းတို့ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ အနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်လူရွယ်များအတွက် အခြေခံ၊ အဆင့်မြင့်ပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆိုသည့် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ၁၉၉၉ ခုနှစ် ဇွန် ၃၀ ရက်တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို စတင်ဖွင့်လှစ်ခဲ့ပါကြောင်း။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ရုံးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်နှင့် စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးကျောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံး ကိုးရုံး၊ ခရိုင်ရုံး ကိုးရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း၊

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း ကိုးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၅၀ ဖြင့် ဖွဲ့စည်းထားရှိပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အခြေခံပညာကဏ္ဍတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း ဖွင့်လှစ်ထားပြီး ပြီးခဲ့သည့် တတိယ (၁)နှစ်တာကာလတွင် ဆိုက်ခေါင်သင်တန်းကျောင်းတစ်ကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အဆိုပါ သင်တန်းကျောင်းများတွင် ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသည့် နယ်စပ်ဒေသမှ မိဘမဲ့၊ မိမဲ့၊ ဖမဲ့ ဆင်းရဲနွမ်းပါးလူငယ်များကို ၅ တန်းမှ ၁၀ တန်းအထိ နေထိုင်စားသောက်ရေးနှင့် ပညာသင်ကြားရေးအားလုံးကို အခမဲ့ တက်ရောက်စေခဲ့ပါကြောင်း၊ ယင်းသင်တန်းကျောင်းတွင် ယနေ့အထိ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၉၄၇၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ၂၃၆၇ ဦးကိုလည်း တက္ကသိုလ်အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင်မူ လူငယ်သင်တန်းကျောင်း ၄၅ ကျောင်းတွင် ကျောင်းသားကျောင်းသူ ၆၆၇၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ကျောင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ကျောင်း၊ ဗဟိုလေ့ကျင့်ရေးကျောင်း တစ်ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

**မိမိတို့ဒေသ တာဝန်ထမ်းဆောင်စေ**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၄ ခုနှစ်မှ ယနေ့အထိ စုစုပေါင်း ၁၃၃၀၄ ဦး မွေးထုတ်ပေးခဲ့ပြီး တတိယတစ်နှစ်တာ ကာလအတွင်း ပညာရေးဘွဲ့ ၁၆၅ ဦး၊ မဟာပညာရေးဘွဲ့ ၁၁ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ကျောင်းဆင်းသင်တန်းသား၊ သင်တန်းသူများကို ပညာရေးဝန်ကြီးဌာနတွင် အထက်တန်းပြရာထူးဖြင့် ဆရာ ဆရာမများအဖြစ် ခန့်အပ်ပေးပြီး တိုင်းရင်းသားလူမျိုးအလိုက် မိမိတို့၏ သက်ဆိုင်ရာဒေသများတွင် တာဝန်ပြန်လည် ထမ်းဆောင်စေလျက်ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း ပထမနှစ်မှ ပဉ္စမနှစ်အထိ ၁၆၂၉ ဦး၊ မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်းတွင် ၂၅ ဦး စုစုပေါင်း ၁၆၅၄ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပါကြောင်း။

**မိမိဒေသဖွံ့ဖြိုးရေး ပါဝင်ဆောင်ရွက်**

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)ကို နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များ ဘွဲ့ရပညာတတ်များ ဖြစ်လာစေပြီး မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း။

ကျောင်းဆင်းကျောင်းသားများကို ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ အေဂျီတီအိုင်ဒီပလိုမာနှင့် အင်ဂျင်နီယာနည်းပညာဘွဲ့များ ပေးအပ်ချီးမြှင့်ပြီး အလုပ်ပါတစ်ပါတည်း ခန့်အပ်ပေးကြောင်း၊ ယနေ့အထိ ဝန်ကြီးဌာန ၁၅ ခုနှင့် တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ၎င်းတို့၏ သက်ဆိုင်ရာဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိရာ ယနေ့အထိ သင်တန်းဆင်း ကျောင်းသားဦးရေ ၃၈၇၀ ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ကျောင်းဆင်း ကျောင်းသားများအနက် အရည်အချင်းပြည့်မီသူများကို ပါရဂူဘွဲ့၊ မဟာဘွဲ့များကို ဆက်လက်တက်ရောက်သင်ယူစေခဲ့ပြီး ယနေ့အထိ ပါရဂူဘွဲ့ ၃၂ ဦး၊ မဟာသုတေသနဘွဲ့ ၆၇ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၆၉ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၇၇ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ ၅၇ ဦး၊ အင်ဂျင်နီယာဘွဲ့ ၁၉၉ ဦး စုစုပေါင်း ၆၀၁ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် တိုင်းရင်းသူအမျိုးသမီးငယ်များကို အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာရပ်များ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၅ ကျောင်းကို ဖွင့်လှစ်ထားပြီး အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းများနှင့် ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများ သင်ကြားပေးလျက်ရှိပါကြောင်း။

တတိယတစ်နှစ်တာကာလအတွင်း အိမ်တွင်းမှုသင်တန်းကျောင်း ၄၅ ကျောင်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀၁၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

**အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်း**

ဆက်လက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးက အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Plan-NEP)အရ ၂၀၂၁ ခုနှစ်တွင် အိမ်ထောင်စုပေါင်း (၅၅ ရာခိုင်နှုန်း)၊ ၂၀၂၆ ခုနှစ်တွင် (၇၅ ရာခိုင်နှုန်း) နှင့် ၂၀၃၀ ခုနှစ်တွင် (၁၀၀ ရာခိုင်နှုန်း) လျှပ်စစ်မီးအပြည့်အဝရရှိရေး ဦးတည်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရေး၊ Proper Generation Mix ဖြစ်လာရေးအတွက် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ခြင်း၊ ရေအားလျှပ်စစ်စီမံကိန်းများအား စီမံချက်များ ရေးဆွဲတည်ဆောက်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖြစ်သည့် နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိခြင်း၊ စက်ရုံအသစ်များ တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားဖြန့်ဖြူးရေးအပိုင်းတွင် အဆင့်မြင့်နည်းပညာနှင့် တန်ဖိုးကြီး ခေတ်မီပစ္စည်းများ အသုံးပြု၍ စွမ်းရည်နှင့် လုံခြုံမှုအား မြှင့်တင်ခြင်း စသည်တို့ကို ပြည်ထောင်စုဘဏ္ဍာငွေ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတို့၏ နှစ်အလိုက်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ ပြည်တွင်းလိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးကို နိုင်ငံတကာကုမ္ပဏီများဖြင့် ပူးပေါင်းဆောင်ရွက်မှုများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ရေတိုရေရှည် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

တတိယတစ်နှစ်တာကာလအတွင်း လျှပ်စစ်ကဏ္ဍ တိုးတက်ဆောင်ရွက်နိုင်ခဲ့မှုများအနေဖြင့် လျှပ်စစ်ဓာတ်အား (Energy) ထုတ်လုပ်မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ယူနစ်သန်း ၂၂၃၂၀ ရှိပြီး သုံးနှစ်တာကာလအတွင်း နှစ်စဉ် ၁၂ ရာခိုင်နှုန်း တိုးတက်ဖြန့်ဖြူးနိုင်ခဲ့ကာ တတိယနှစ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုအမြင့်ဆုံးသည် ၃၇၀၀ မဂ္ဂါဝပ် ဖြစ်ပါကြောင်း၊ ဓာတ်အားပေးစက်ရုံအသစ်များ တည်ဆောက်ပြီးစီးမှုအနေဖြင့် ၂၂၅ မဂ္ဂါဝပ်နှင့် ၉၀ မဂ္ဂါဝပ်ရှိ မြင်းခြံ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ နှစ်ရုံ၊ ၁၄၅ မဂ္ဂါဝပ်ရှိ ကျောက်ဆည် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ၁၁၈ ဒသမ ၉ မဂ္ဂါဝပ်ရှိ သထုံသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ၊ ၃ ဒသမ ၂ မဂ္ဂါဝပ်ရှိ အထက်နမ့်ထွမ် ရေအားလျှပ်စစ်စက်ရုံ၊ ၄ မဂ္ဂါဝပ်ရှိ ရာဇဂြိုလ် ရေအားလျှပ်စစ်စက်ရုံတို့ကို တည်ဆောက်ပြီးစီးခဲ့သည့်အတွက် စုစုပေါင်း ၅၈၆ မဂ္ဂါဝပ် တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါကြောင်း။

**ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှု**

မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှုအနေဖြင့် ၂၃၀ ကေဗွီမှ ၀ ဒသမ ၄ ကေဗွီအထိ ဓာတ်အားလိုင်း (စုစုပေါင်း ၃၀၁၅ မိုင်)၊ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ တစ်ခု၊ ၆၆ ကေဗွီခွဲရုံ ၂၉ ခု၊ ၃၃ ကေဗွီခွဲရုံ ၁၀ ခု၊ ၁၀/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၄၃၃၈ လုံးတို့အား တည်ဆောက်ပြီးစီးခဲ့သဖြင့် စုစုပေါင်း ၂၆၈၈ MVA တိုးချဲ့တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

တစ်နှစ်တာကာလအတွင်း မြို့ကိုးမြို့၊ ကျေးရွာ ၂၄၄၀ ရွာတို့မှ အိမ်ထောင်စု ၀ ဒသမ ၅၂ သန်းအား ဓာတ်အားစနစ်မှ လျှပ်စစ်မီးတိုးချဲ့ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး လက်ရှိ လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စုပေါင်း ၄ ဒသမ ၈ သန်းခန့် (တစ်နိုင်ငံလုံး၏ ၄၄ ရာခိုင်နှုန်း) ရှိပြီဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၆၃၂၇၇ ရွာရှိသည့်အနက် ၅၄ ရာခိုင်နှုန်း ဖြစ်သည့် ၃၄၁၄၆ ရွာတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

တတိယ တစ်နှစ်တာ ကာလအတွင်း စွမ်းအင်ကဏ္ဍ တိုးတက်ဆောင်ရွက်နိုင်ခဲ့မှုများအနေဖြင့် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ ရှာဖွေတူးဖော်ထုတ်လုပ်နိုင်မှု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ကုန်းတွင်းပိုင်းတွင် ရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးတွင်း ၂၃ တွင်းနှင့် ပူးပေါင်းကုမ္ပဏီများမှ ၁၇ တွင်း စုစုပေါင်း ၄၀ တူးဖော်ခဲ့ပြီး ရေနံစိမ်းစည် ၂ ဒသမ ၃၁ သန်းနှင့် သဘာဝဓာတ်ငွေ့ ၁၉၀၁၉ ကုဗပေသန်း ထုတ်လုပ်နိုင်ခဲ့ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာကုမ္ပဏီများမှ ကမ်းလွန်ပိုင်းတွင် ၄၆ တွင်း တူးဖော်ခဲ့ပြီး ရေနံ(လေဆီ) စည် ၁ ဒသမ ၀၂ သန်းနှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၆၀၄၈၁၈ သန်း ထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ကုန်းတွင်းနှင့်ကမ်းလွန် စုစုပေါင်း ရေနံစိမ်းစည် ၃ ဒသမ ၃၂ သန်းနှင့် သဘာဝဓာတ်ငွေ့ ၆၂၃၈၃၈ ကုဗပေသန်း ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ လစ်လပ်လျက်ရှိသော ကုန်းတွင်းပိုင်းလုပ်ကွက် ၁၈ ကွက်နှင့် ကမ်းလွန်လုပ်ကွက် ၁၅ ကွက်တို့အား ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေမှုများကို တိုးမြှင့်ဆောင်ရွက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူမှုကို မကြာမီဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) လုပ်ငန်းတိုးတက်မှုအနေဖြင့် ၂၀၁၈ ခုနှစ် မေ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပလိပ်မြို့ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်တွင် ကိုရီးယားနိုင်ငံထုတ် Kwang Shin စက်သစ်ကြီးများဖြင့် အစားထိုးလဲလှယ်တပ်ဆင်၍ အသုံးပြုနိုင်ခဲ့ပါကြောင်း။

မြန်မာတစ်နိုင်ငံလုံးတွင် ယနေ့အထိ စုစုပေါင်း မော်တော်ယာဉ်အစီးရေ ၂၈၂၉၉ စီးတို့ကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲတပ်ဆင်ပေးနိုင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ၄၁ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဆိုင်၊ ရေနံချောင်းမြို့နယ်တွင် နှစ်ဆိုင်နှင့် ချောက်မြို့နယ်တွင် တစ်ဆိုင် စုစုပေါင်း မြန်မာတစ်နိုင်ငံလုံးတွင် ၄၆ ဆိုင်အား ဖွင့်လှစ်၍ ၂၄ နာရီပတ်လုံး ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိပါကြောင်း။

CNG သုံး ခရီးသည်တင်ယာဉ်များ အသုံးပြုနိုင်ရန် ရေနံမြေများမှ ထွက်ရှိသော ကုန်းတွင်းသဘာဝဓာတ်ငွေ့ဖြင့် သာ နေ့စဉ် ကုဗပေ ၂၃ သန်းကျော်အထိ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ နိုင်ငံပိုင်စက်ရုံများတွင် ရေနံဓာတ်ငွေ့ရည် LPG မက်ထရစ်တန် ၈၅၈ တန်၊ CNG ၇၂၄၉ ကုဗပေသန်းနှင့် ယူရီးယားဓာတ်မြေသြဇာ ၁၂၇၉၄၁ မက်ထရစ် တန် ထုတ်လုပ်ဖြန့်ဖြူးခဲ့ပါကြောင်း။

**သစ်တောပြုန်းတီးမှုကာကွယ်နိုင်**

ရေနံဓာတ်ငွေ့ရည် LPG အား အိမ်သုံးနှင့် လုပ်ငန်းသုံးအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသုံးစွဲနိုင်ခြင်းဖြင့် Biomass ခေါ် ထင်း၊ မီးသွေးသုံးစွဲမှု လျော့ကျပြီး ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းခြင်းနှင့် သစ်တောပြုန်းတီးမှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်နိုင်သည့်အတွက် ပုဂ္ဂလိကမှ LPG ကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနမှ လုပ်ငန်းလိုင်စင် ခုနစ်မျိုး သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုလျက်ရှိရာမှာ ယနေ့အထိ လိုင်စင် ၆၉၁ ခု ထုတ်ပေးပြီးဖြစ်ကြောင်း။

လက်ရှိ နိုင်ငံပိုင်ရေနံချက်စက်ရုံများမှ ရေနံစိမ်းမက်ထရစ်တန် ၂၅၁၅၀၉ တန် ချက်လုပ်ခဲ့ပြီး ဓာတ်ဆီ ၆၇၀၈၈ မက်ထရစ်တန်၊ ဒီဇယ် ၁၁၀၂၄၂ မက်ထရစ်တန်အား ပြည်တွင်းသို့ ဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ပုဂ္ဂလိကစက်သုံးဆီ သိုလှောင်ကန်စခန်းများနှင့် စက်သုံးဆီအရောင်းဆိုင်များမှ သိုလှောင်ဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်ပြည့်ဝမှုရှိစေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွဲ့စည်းထားပြီးဖြစ်သည့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီများက ရှောင်တခင်ဝင်ရောက်စစ်ဆေး၍ စက်သုံးဆီနမူနာများကို ရယူပြီး ဓာတ်ခွဲခန်းသို့ ပေးပို့စမ်းသပ်စစ်ဆေးဆောင်ရွက်ခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စစ်ဆေးသည့် အကြိမ်ပေါင်း (၂၆)ကြိမ်၊ အရောင်းဆိုင် ၇၈ ဆိုင်အား စစ်ဆေးနိုင်ခဲ့ပြီး ယင်းတို့အနက် စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်ကိုက်ညီမှုမရှိသည့် အရောင်းဆိုင် ၂၁ ဆိုင်အား အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီများမှ ပြည်ပမှ စက်ဆီချောဆီ Brand Name အသစ်များ တင်သွင်းဖြန့်ဖြူးရန် ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ကုမ္ပဏီ ၃၂ ခုမှ Brand ၃၄ ခုအား ခွင့်ပြုထုတ်ပေးခဲ့ပြီး စုစုပေါင်း ကုမ္ပဏီ ၃၄၉ ခုမှ Brand ၄၁၀ အား ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**သတင်းမီဒီယာများမေးမြန်း**

ထို့နောက် တက်ရောက်လာသည့် သတင်းမီဒီယာများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးရာတွင် ဝန်ကြီးဌာနများ၏ ပြည်သူ့ဘဏ္ဍာငွေ အလွဲသုံးစားမှု၊ စစ်ဆေးတွေ့ရှိမှု၊ စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာကို အများပြည်သူသိရှိအောင် ဆောင်ရွက်မည့် အစီအမံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပွားခဲ့သည့် လယ်ဝေးမြို့နယ် ပညာရေးမှူးရုံး၏ ဝန်ထမ်းလစာပိုထုတ်မှု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဥပဒေပြင်ဆင်ရေး၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရဟတ်ယာဉ် ၁၅ ကွင်း တည်ဆောက်ရေး၊ မဂွေဇ-ခေါင်လန်ဖူး လမ်းပိုင်း အဆင့်မြှင့်တင်ရေး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှိသည့် နယ်မြေများတွင် စီမံကိန်းတည်ဆောက်ရာ၌ EAO များနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရန်ကုန်တိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အားပေးနေမှုနှင့် ဓာတ်အားမလုံလောက်မှု၊ ၂၀၂၀ တွင် လျှပ်စစ်ဓာတ်အားရရှိအောင် ကြိုတင်ပြင်ဆင်ထားမှု၊ မီတာခပြောင်းလဲကောက်ခံမည့်နှုန်းထား၊ CNG အရောင်းဆိုင်များတွင် သဘာဝဓာတ်ငွေ့ထုတ်ပေးနေမှု၊ ကရင်ပြည်နယ်ရှိ ကျောက်မီးသွေးစီမံကိန်း ရပ်ဆိုင်းထားမှုအခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် လျှပ်စစ်စွမ်းအင်စီမံကိန်း စသည်တို့ကို မေးမြန်းကြရာ သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**



ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်သည့် သတင်းမီဒီယာများကို တွေ့ရစဉ်။

# လုပ်ငန်းခွင်အတွင်း ကျား၊ မ တန်းတူညီမျှရှိရေးနှင့် ကျား၊ မ တန်းတူညီမျှရေးလုပ်ဆောင်မှုအတွက် ရရှိမည့် စီးပွားရေးအကျိုးအမြတ်များဆိုင်ရာ ကမ္ဘာ့ထိပ်တန်းအသိအမှတ်ပြု စံလက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၉**

စီးပွားရေးလုပ်ငန်းရှင်များ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း (Business Coalition Gender Equality Association -BCGEA) ၏ လုပ်ငန်းခွင်အတွင်း ကျား၊ မ တန်းတူညီမျှရှိရေး CEO Challenge နှင့် ကျား၊ မ တန်းတူညီမျှရေးလုပ်ဆောင်မှုအတွက် ရရှိမည့် စီးပွားရေးအကျိုးအမြတ်များဆိုင်ရာ ကမ္ဘာ့ထိပ်တန်းအသိအမှတ်ပြု စံလက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ Wyndaham Grand Yangon Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။

**အရေးကြီးသည့် အညွှန်းကိန်းတစ်ခု**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မိမိတို့ဝန်ကြီးဌာနသည် တာဝန်ရှိသော ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ နိုင်ငံတကာကတိကဝတ်များနှင့် ပတ်သက်၍ အစီရင်ခံစာတင်ပြခြင်းနှင့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျား၊ မ တန်းတူညီမျှရေးသည် ဒီမိုကရေစီနှင့်ကောင်းမွန်သော အုပ်ချုပ်ရေးတို့ဆောင်ရွက်ရာတွင် အရေးကြီးသည့် အညွှန်းကိန်းတစ်ခုဖြစ်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစံနှုန်းတစ်ခုလည်းဖြစ်ပါကြောင်း၊ အမျိုးသမီးများ တန်းတူညီမျှ အပြည့်အဝပါဝင်ခွင့်ရရှိပြီး ကျား၊ မ တန်းတူညီမျှမှုရှိပါက မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတစ်ခုလုံး၏ စီးပွားရေးတိုးတက်လာသည်ကို ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုများအရ တွေ့ရှိနိုင်ပါကြောင်း။

မြန်မာနိုင်ငံအစိုးရသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း CEDAW ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက်များ- SDGs၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း- MSDP ပါ လုပ်ငန်းစဉ်များကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်း(၂၀၁၃-၂၀၂၂)ကို ဘေဂျင်းလုပ်ငန်းစီမံချက်အပေါ် အခြေခံ၍ ဦးစားပေးလုပ်ငန်း နယ်ပယ် ၁၂ ရပ်ဖြင့် ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းရေိယာ ၁၂ ရပ်တွင် အမျိုးသမီးများနှင့် စီးပွားရေးလုပ်ငန်း နယ်ပယ်ပါဝင်ပါကြောင်း။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး IKBZ နှင့် KBZ Bank မှ တာဝန်ရှိသူတစ်ဦးအား ကမ္ဘာ့ထိပ်တန်း ကျား၊ မ တန်းတူညီမျှရေး အသိအမှတ်ပြု စံလက်မှတ်ပေးအပ်စဉ်။**

မဟာဗျူဟာစီမံကိန်း၏ ကျန်ရှိသည့်ကာလများအတွက် လုပ်ငန်းနယ်ပယ် ၁၂ ရပ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများ နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရေးနည်းပညာလုပ်ငန်းအဖွဲ့၊ ကျား၊ မ ရေးရာ အမြင်ထည့်သွင်းစဉ်းစားခြင်း နည်းပညာလုပ်ငန်းအဖွဲ့၊ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာနည်းပညာလုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းထားပြီးဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း (BCGEA) က ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး Ms. Andrea Faulkner က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များ ကျား၊ မ တန်းတူ ညီမျှရေးပူးပေါင်းဆောင်ရွက်မှုအသင်း (BCGEA) ၏ ဥက္ကဋ္ဌ ဒေါ်ဇာခြည်တင်က အသင်း၏ သမိုင်းမှတ်တိုင်များ၊ မြော်မြင်ချက်၊ လုပ်ဆောင်မည့်တာဝန်၊ ရည်မှန်းချက်ပန်းတိုင်များ၊ ဒေသတွင်းစီမံကိန်းများကို အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကိုလည်းကောင်း၊ Yoma Group of Companies, Executive Chair Mr. Serge Punက လုပ်ငန်းခွင်တွင် ကျား၊ မ တန်းတူညီမျှစွာရှိခြင်းဖြင့် လုပ်ငန်း၏ စွမ်းဆောင်ရည်တိုးတက်စေနိုင်သကဲ့သို့ အခြားအကျိုးကျေးဇူးများ ရရှိနိုင်ခြင်းတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းခွင်အတွင်း ကျား၊ မ တန်းတူညီမျှရှိရေး CEO Challenge အမြင်ချင်းဖလှယ်ဆွေးနွေးပွဲကို ပြုလုပ်ရာ Moderator အဖြစ် Thant Sin Metta (သန့်စင်မေတ္တာ)နှင့် Water Mothers Myanmar Organizations တို့၏ နာယက ဒေါက်တာ ရွှေလှမ်းကလည်းကောင်း၊ Panelist များအဖြစ် City Mart Holding Co., Ltd မှ Chief Executive Officer, ဒေါ်ဝင်းဝင်းသန့်၊ Shwe Taung Real Estate မှ Chief Executive Officer,ဒေါ်စန္ဒာထွန်း၊ AYA Bank မှ Managing Director ဦးမြင့်ဇော်၊ Economic Dividends for Gender Equality- EDEG မှ Co- Founder, Ms. Aniela Unguresanနှင့်Parami Energy Group မှ Chief Executive Officer, ဦးကံထွန်းတို့က ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကမ္ဘာ့ထိပ်တန်း ကျား၊ မ တန်းတူညီမျှရေး အသိအမှတ်ပြုစံလက်မှတ် (EDGE Certification) ကို Parami Energy, FMI, AYA Bank, IKBZ နှင့် KBZ Bank တို့မှ တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး၏ အပစ်အခတ်ရပ်စဲရေး (၂၅)နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားကျင်းပ

**လွိုင်ကော် မေ ၉**

ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး၏ အပစ်အခတ်ရပ်စဲမှု(၂၅)နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက် ၉ နာရီက လွိုင်ကော်မြို့ ပန်ကန်းကျေးရွာရှိ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ဗဟိုဌာနချုပ်ခွဲ) ၌ ကျင်းပသည်။

**အပစ်အခတ်ရပ်စဲမှု (၂၅)နှစ်ပြည့်**

ရှေးဦးစွာ ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး၏ အပစ်အခတ်ရပ်စဲမှု (၂၅)နှစ်ပြည့် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် တိုင်းရင်းသားကိုးမျိုး၏ စုပေါင်းအကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ပြီး ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး ဥက္ကဋ္ဌ ဦးထွန်းကျော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဂုဏ်ပြုစကားပြောကြားရာတွင် မိမိအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့ကို ဦးဆောင်ခဲ့သည့် သုံးနှစ်ကျော်ကာလအတွင်း အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလမ်းကြောင်းကိုသွားရာတွင် (၂၁) ရာစုပင်လုံ၊ NCA လမ်းကြောင်းများဖြင့် သွားရန်လိုပြီး ငြိမ်းချမ်းရေးပိုမိုခိုင်မာလာရန် ကြိုးပမ်းဖို့လိုပါကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်များက တိုက်ပွဲများ ဆက်လက်မဖြစ်ပွားလိုဟု ပြောဆိုနေမှုများကို ကြားနေရကြောင်း၊ အမှန်တကယ် ငြိမ်းချမ်းရေးကို လိုလားနေသည်မှာ ပြည်သူများပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းမှသာလျှင် ပြည်သူများ၏ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးကို ဒွန်တွဲဆောင်ရွက်ရာတွင် ရေ၊ မီး၊ လမ်း စသည့် ကဏ္ဍများကို ဦးစားပေးဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် အဖွဲ့အစည်းအသီးသီး၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ပူးပေါင်း၍ သွေးစည်းညီညွတ်စွာဖြင့် ပိုမိုခိုင်မြဲလာအောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရေးအတွက် စွမ်းဆောင်ခဲ့သည့် ဂုဏ်ပြုသင့်သူများကို ဂုဏ်ပြုပေးရမည်ဖြစ်ပြီး ယခုလို ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များကို ဂုဏ်ပြုပေးသည်ကိုလည်း များစွာဝမ်းမြောက်ပါကြောင်း၊ ပြည်ထောင်စုကြီးတည်ဆောက်ရာတွင်လည်း ငြိမ်းချမ်းပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဖော်ဆောင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ကြစေလိုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုအားပေး**

ဆက်လက်၍ ကယားဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးပိုးရယ်က ဂုဏ်ပြုအားပေးစကားပြောကြားပြီး ငြိမ်းချမ်းရေးအကျိုးတော်ဆောင်သုံးဦးဖြစ်သည့် ကယားပြည်နယ် ကက်သလစ်ခရစ်ယာန်သာသနာဆရာတော် ဆိုတေးရိုဖားမော၊ နှစ်ခြင်းခရစ်ယာန် သာသနာဆရာတော် ဧလိယနှင့် မယ်စဲ့မြို့နယ်မှ ဦးမြတ်စံတို့အား ဂုဏ်ပြုခြင်းဆောင်ရွက်ကာ ဂုဏ်ပြုရသည့်အကြောင်းရင်းကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။



**ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး၏ အပစ်အခတ်ရပ်စဲရေး (၂၅)နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားကျင်းပစဉ်။**

**အကြံပြုစကားပြောကြား**

ထို့နောက် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်သုံးဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အပစ်အခတ်ရပ်စဲရေးမှ ငြိမ်းချမ်းရေးသို့ (၂၅) နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်လာသည့် လူထုကိုယ်စားလှယ်တစ်ဦးက ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အကြံပြုစကားပြောကြားကာ ဗဟိုကော်မတီဝင် ရဲဘော်ရိုစီနာက နိဂုံးချုပ်ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

**လွိုင်ကော်သား**

# မိုင်းယုမြို့၌ သုံးနှစ်တစ်ကြိမ် ရိုးရာဓလေ့လှေလှော်ပြိုင်ပွဲ ကျင်းပမည်

**မိုင်းယု မေ ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ လှေပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ ကြီးမှူးကျင်းပသည့် သုံးနှစ်တစ်ကြိမ် ရိုးရာဓလေ့လှေလှော်ပြိုင်ပွဲကို မေ ၂၀ ရက်မှ ၂၂ ရက်ထိ သုံးရက်တာ အဆိုပါမြို့၏ နမ့်လွေချောင်း သဲသောင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သုံးနှစ်မှ တစ်ကြိမ်**

ယင်းရိုးရာလှေပြိုင်ပွဲသည် မိမိဒေသရှိ ဒေသခံတိုင်းရင်းသားတိုင်းရင်းသားများ လက်ထက်မှစ၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် စိုက်ပျိုးရေးများ တိုးတက်ကောင်းမွန်စေရန်နှင့် အခြားသဘာဝဘေးအန္တရာယ်အမျိုးမျိုးကျရောက်မှုမှ ကာကွယ်နိုင်သည့် အယူအဆတို့ဖြင့် မိုင်းယုမြို့နှင့် ဒွန်းနွဲ့၊ ဝမ်ပေါက်နှင့် ကျိုင်းခမ်းစသောကျေးရွာများတွင် ရိုးရာဓလေ့နတ်များကို ပူဇော်ပသသည့်အနေဖြင့် သုံးနှစ်မှ တစ်ကြိမ်သာလျှင် အဆိုပါမြို့နှင့် ကျေးရွာများမှ ရိုးရာလှေလှော်ပြိုင်ပွဲကို ပြုလုပ်ပေးရခြင်းဖြစ်ပြီး ပွဲတော်မပြုလုပ်ပေးပါက လူမှုစီးပွားရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်တတ်သည်ဟု ရှေးအစဉ်အလာ အယူအဆများ ရှိခဲ့သောကြောင့် ယင်းပွဲတော်ကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရိုးရာလှေလှော်ပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီအဖွဲ့ထံမှ သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီနှင့် အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မေ ၉**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် (၈) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ မြဝတီနှင့် အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက YREO အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရွေးစင်ကစားသမားများဖြစ်သည့် ဝင်းသိင်္ဂီထွန်း၊ ခင်သန်းဝေ၊ မေဇင်နွယ်၊ ရူပါခိုင်တို့ပါဝင်လာသည့် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲအောင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းမှ ကစားသမားဖြစ်သည့် ဇွန်ယုယဦး၊ ပုံ့ပုံ့ပြည့်မောင်၊ မြတ်နိုးခင်၊ နွယ်နီဝင်း၊ ဖြူဖြူဝင်းတို့ ဦးဆောင်လာသည့် YREO အသင်းတို့၏ အားပြိုင်မှုဖြစ်ပြီး အတွေ့အကြုံသာသည့် မြဝတီအသင်းက အနိုင်ရသွားခြင်းဖြစ်သည်။ မိနစ် ၂၀ တွင် မြတ်နိုးခင်က YREO အသင်းအတွက် ဂိုးစတင်သွင်းသော်လည်း မြဝတီအသင်းက ပထမပိုင်းပြီးခါနီးမှစတင်ကာ ဂိုးများ ဆက်တိုက်ပြန်သွင်းခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးကို ၄၃ မိနစ်တွင် မေသူကျော်က သွင်းယူပြီး အနိုင်ဂိုးများကို ၄၄ မိနစ်တွင် ရူပါခိုင်နှင့် ၅၁၊ ၅၆၊ ၈၉ မိနစ်တွင် ဝင်းသိင်္ဂီထွန်းတို့က သွင်းယူသည်။ YREO အသင်းအတွက် ဒုတိယဂိုးကို ၈၈ မိနစ်တွင် ပုံ့ပုံ့ပြည့်မောင်က သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ဇွဲကပင်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ခြေအသာဖြင့် ကစားကာ ၁၂ မိနစ်တွင် ခင်မာလာထွန်း၊ ၁၄၊ ၆၆ မိနစ်တွင် နုနု၊ ၅၇ မိနစ်တွင် မေဖူးကို၊ ၆၇ မိနစ်တွင် ရီရီဦးတို့က သွင်းယူခဲ့သည်။ မေ ၇ ရက်က ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက



မြဝတီအသင်းနှင့် YREO အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

တက္ကသိုလ်အသင်းကို ရှစ်ဂိုး-တစ်ဂိုး၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ဂန္ဓမာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၈) အပြီးတွင် မြဝတီအသင်းက ၂၂ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး အား/ကာသိပ္ပံနှင့် သစ္စာအားမာန်အသင်းက ၁၉ မှတ်စီ၊ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းက ၁၄ မှတ်၊ YREO အသင်းက ၁၀ မှတ်၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ ဂန္ဓမာအသင်းက သုံးမှတ်ရထားပြီး တက္ကသိုလ်အသင်းမှာမူ ရှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

# အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အလေးမအားကစားနည်း အတန်းပြည့်ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၉**

အကြိမ် (၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အလေးမအားကစားသမားများ ပဏာမရွေးချယ်ထားကြောင်း မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ ဆီးဂိမ်းပြိုင်ပွဲအတွက် အမျိုးသားခြောက်ဦး၊ အမျိုးသမီးရှစ်ဦးနဲ့ အပြည်ပြည်ဆိုင်ရာအလေးမပြိုင်ပွဲအတွက် အမျိုးသား အမျိုးသမီး ၁၂ ဦးစီကို ရွေးချယ်ထားပြီး ဖေဖော်ဝါရီလက စတင်စခန်းသွင်း လေ့ကျင့်နေပါတယ်။ ဇွန်လနောက်ဆုံးအပတ်မှာ အိုလံပစ်နေ့အထိမ်းအမှတ် အလေးမပြိုင်ပွဲကျင်းပရင်း ဆီးဂိမ်းအတွက် စံချိန်တွေကြည့်ပြီး ထပ်မံလူရွေးသွားမယ်။ ပူးတွဲလေ့ကျင့်မှု လွှတ်မယ်ဆိုရင် ဒီထက်စံချိန်တွေရရှိမှာပါ"ဟု အထွေထွေအတွင်းရေးမှူး ဦးသီဟန်က ပြောသည်။

အဆိုပါ ဆီးဂိမ်းပြိုင်ပွဲ၌ အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံက အလေးမကစားနည်းတွင် အမျိုးသားလေးတန်း၊ အမျိုးသမီးခြောက်တန်း ထည့်သွင်းကျင်းပထားရာ မြန်မာအလေးမ အားကစားသမားများသည် အတန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုတံဆိပ်များ မျှော်မှန်းထားကြောင်း သိရသည်။ မြန်မာအလေးမ အားကစားသမားများသည် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ အလေးမလေ့ကျင့်ရေးခန်းမ၌ တနင်္ဂနွေနေ့မှအပ နံနက်တစ်ကြိမ် ညနေတစ်ကြိမ် ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **အေကေလင်း**

# ကမ်းလွန်လုပ်ကွက်အမှတ် Block M-9 တွင် Geotechnical Site Investigation (GTI) လုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် Block M-9 တွင် Geotechnical Site Investigation (GTI) လုပ်ငန်းများကို MV.FUGRO MARINER (Call Sign : A8LA8) ရေယာဉ်ဖြင့် ZWP-12 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂ ဒသမ ၇၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃ ဒသမ ၅၈၆ စက္ကန့်၊ ZWP-13 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၀၇ ဒသမ ၈၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၂၂ ဒသမ ၇၆၅ စက္ကန့်၊ ZWP-14 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄ ဒသမ ၃၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅ ဒသမ ၄၁၀ စက္ကန့်၊ ZWP-15 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၂၇ ဒသမ ၀၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၁၂ ဒသမ ၉၅၅ စက္ကန့်တွင် (၁၃.၅.၂၀၁၉) ရက်နေ့မှ (၃၀.၆.၂၀၁၉) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၁၃.၅.၂၀၁၉) ရက်နေ့မှ (၃၀.၆.၂၀၁၉) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာအတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၉**

(၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမား ၂၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားပြိုင်ပွဲအား မေ ၁၆ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Center (MCC) ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

# ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလေ့လာမှုပြုလုပ်မည်

**ရန်ကုန် မေ ၉**

ဒါရိုက်တာ Giorgi Sheng Elaila ၏ Pirosmani ရုပ်ရှင်ဇာတ်ကားအား မေ ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

အဆိုပါအစီအစဉ်မှာ Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုအဖြစ် (၁၆) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး Professor Vit Janecek က ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

"Pirosmani" ရုပ်ရှင်ဇာတ်ကားသည် ၁၉၆၉ ခုနှစ်တွင် ပြသခဲ့သော Georgian Biographical Art-Drama Film ရုပ်ရှင်အမျိုးအစားဖြစ်ပြီး ၁၉၇၃ ခုနှစ် BFI London Film Festival တွင် Sutherland Trophy ဆုနှင့် ၁၉၇၄ ခုနှစ် Chicago International Film Festival တွင် Gold Prize, Gold Hugo ဆုတို့ကို ဆွတ်ခူးရရှိခဲ့သော ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ကျောဖုံးမှ*

ဟောင်ကောင်နှင့် တီမောအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် အုပ်စုအနေအထားအရ ခြေစစ်ပွဲအောင်မြင်ရန် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေပြီး အာရှထိပ်သီးနှစ်သင်းဖြစ်သော တောင်ကိုရီးယား၊ တရုတ်တို့နှင့် ကျရောက်နေသောကြောင့် ရုန်းကန်ရဖွယ်ရှိနေသည်။

မြန်မာ ယူ-၁၈ အသင်းသည် အာရှခြေစစ်ပွဲမတိုင်မီ ဩဂုတ်တွင် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေသည်။ **ညီမြတ်သော်တာ**

# ထူးခြားသည့်နေ့ အပူချိန်များ

**နေပြည်တော် မေ ၉**

ထူးခြားသည့်နေ့ အပူချိန်များမှာ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ဂန့်ဂေါမြို့နှင့် ပေါက်မြို့တို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာမြို့၊ ကြေးမုံမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၆ ဒသမ ၀၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၃ ဒသမ ၃၅ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၂၉ လက်မ၊ မော်ဘီမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၁၀ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ချန်ပီယံလိဂ် ဒုတိယအကျော့ စပါးတို့ အိုင်းယက်ကို အနိုင်ရပြီး ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်ရောက်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ် တစ်ပွဲဖြစ်သော အိုင်းယက်နှင့် စပါးပွဲစဉ်ကို နယ်သာလန်မြေ၌ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနှစ်သင်းသည် ပထမအကျော့ အင်္ဂလန်မြေ၌ ယှဉ်ပြိုင်ခဲ့စဉ်က အိုင်းယက်အသင်း အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲတွင် အိမ်ရှင် အိုင်းယက်အသင်းသည် ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည်စပါးအသင်းသည် ၄-၃-၁-၂ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်း ပွဲစပြီး ၅ မိနစ်တွင် အိမ်ရှင် အိုင်းယက်အသင်းအတွက် နောက်တန်းကစားသမားဒီလစ်က ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ပွဲချိန် ၃၅ မိနစ်တွင် တိုက်စစ်မှူး ဇီရက်ချ်က အိုင်းယက်အတွက် ဒုတိယဂိုး



သွင်းယူပေးခဲ့သည်။ ပထမပိုင်းတွင် အိမ်ရှင် အိုင်းယက်အသင်း နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်းတွင် စပါးအသင်း တိုက်စစ်မြှင့်ခဲ့ကာ တိုက်စစ်မှူး လူးကပ်စ်မိုရာက ပွဲချိန် ၅၅ မိနစ်နှင့် ၅၉မိနစ်တွင် ချေပဂိုး နှစ်ဂိုး သွင်းယူပေးခဲ့ပြီး မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုခြောက်မိနစ်ထပ်မံပေးခဲ့ရာ နောက်ဆုံးမိနစ်တွင် စပါးအတွက် အနိုင်ဂိုးကို လူးကပ်စ်မိုရာက ဟက်ထရစ် တစ်ဦးတည်း သွင်းယူပေးခဲ့သည်။ စပါးအသင်းသည် နှစ်ကျော့ပေါင်းရလဒ် တစ်ဖက်သုံးဂိုးစီ တူညီနေသော်လည်း အဝေးကွင်းဂိုးရလဒ်ကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းပွဲတွင် လူးကပ်စ်မိုရာသည် စပါးအသင်းကို ဗိုလ်လုပွဲသို့ ခေါ်ဆောင်ပေးခဲ့သည့် အကောင်းဆုံးကစားသမားဖြစ်ခဲ့သည်။

စပါးအသင်းသည် ယခင်ဥရောပဖလားမှ အမည်ပြောင်း ယူအီးအက်ဖ်အေချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ်တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ဗိုလ်လုပွဲသို့ အင်္ဂလန်ကလပ်အသင်းများမှ ရှစ်သင်းမြောက် တက်ရောက်ခဲ့သည့်အသင်းဖြစ်သည်။ ဥရောပဖလား ယခု ချန်ပီယံလိဂ်ဖလားကို အင်္ဂလန်ကလပ်အသင်းများမှ အအောင်မြင်ဆုံးအသင်းမှာ လီဗာပူးအသင်းဖြစ်ပြီး ဗိုလ်လုပွဲကို ရှစ်ကြိမ်တက်ရောက်ကာ ငါးကြိမ်ဗိုလ်စွဲထားသည့်အသင်းဖြစ်သည်။ ဒုတိယအအောင်မြင်ဆုံးအသင်းမှာ မန်ယူအသင်းဖြစ်ပြီး ဗိုလ်လုပွဲကို ငါးကြိမ်တက်ရောက်ပြီး သုံးကြိမ်ဖလားရရှိထားသည်။ တတိယအသင်းမှာ နော်တင်ဟမ်ဖြစ်ပြီး နှစ်ကြိမ်ဗိုလ်လုပွဲတက်ရောက်ပြီး နှစ်ကြိမ်စလုံးဖလားရရှိထားသည်။ စတုတ္ထနေရာတွင် ချယ်လ်ဆီးရပ်တည်နေပြီး နှစ်ကြိမ်တက်ရောက်ပြီး တစ်ကြိမ်ဗိုလ်စွဲထားကာ ပဉ္စမနေရာတွင် အက်စ်တွန်ဗီလာအသင်းသည် တစ်ကြိမ်တက်ရောက်ခဲ့ပြီး တစ်ကြိမ် ရရှိထားသည်။ လိဒ်အသင်းနှင့် အာဆင်နယ်အသင်းမှာ တစ်ကြိမ်စီ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ဖလားမရရှိဘဲ ရှုံးနိမ့်ခဲ့သည်။ ၂၀၁၈-၁၉ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဗိုလ်လုပွဲကြီးကို အင်္ဂလန်ကလပ်နှစ်သင်း တက်ရောက်လာခဲ့ကာ ယခင်ကချန်ပီယံလိဂ် ဗိုလ်လုပွဲ၌ အင်္ဂလန်နှစ်သင်း တွေ့ဆုံခဲ့သည့် ၂၀၀၇-၀၈ ပြိုင်ပွဲတွင် မန်ယူနှင့်ချယ်လ်ဆီးတို့ တွေ့ဆုံခဲ့ပြီး မန်ယူအသင်း ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ဖလားဆွတ်ခူးခဲ့သည်။ ဥရောပ၏ အမြင့်ဆုံးဖလားဟုဆိုရမည့် ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲကို စပိန်မြေ၌ အင်္ဂလန်နှစ်သင်းယှဉ်ပြိုင်မှုကို ဇွန် ၂ ရက် တနင်္ဂနွေနေ့ နံနက် ၁ နာရီခွဲတွင် စောင့်မျှော်ကြည့်ရှုရမည်ဖြစ်သည်။ **သီဟ**

# ဗြိတိန်နိုင်ငံ တော်ဝင်မင်းသား ဟာရီနှင့် မီဂန်တို့၏ ကလေးကို အမည်ပေး

**လန်ဒန် မေ ၉**

မေ ၆ ရက် မနက် ၅ နာရီ ၂၆ မိနစ်တွင် မွေးဖွားခဲ့သည့် ဗြိတိန်နိုင်ငံ တော်ဝင်မင်းသား Sussex မြို့စား ဟာရီနှင့် မြို့စားကတော် အမေရိကန်သူ မီဂန်မာကယ်တို့၏ ၇ ပေါင် ၃ အောင်စရှိသည့် သားတော်လေးကို အာချီဟာရစ်ဆန်မောင့်ဘက်တန်ဝင်ဆာဟု အမည်မှည့်ခေါ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


သားတော်လေးနှင့် ဘုရင်မကြီး အဲလိစ်ဇဘတ်တို့ပုံကို တွေ့ရစဉ်။

အမေဖြစ်သူ မီဂန်က မိခင်တစ်ယောက်ဖြစ်ရသည်နှင့် ပတ်သက်ပြီး သတင်းထောက်များ၏ မေးမြန်းမှုအပေါ် "သားလေးက သန္ဓေသိပ်ကောင်းပါတယ်။ သူ့ကိုပြုစုစောင့်ရှောက်သွားဖို့ အလွန်စိတ်လှုပ်ရှားနေပါပြီ" ဟု ပြောခဲ့သည်။ ထို့အပြင် သားတော်လေးကို ပိုင်ဆိုင်ရတာ အလွန်ကြည်နူးမိကြောင်း ပြောသည်။ သားဦးလေးမွေးဖွားလာသည့်အပေါ် မိဘနှစ်ပါးဖြစ်သည့် ဟာရီနှင့် မီဂန်တို့နှစ်ဦးစလုံးက အလွန်ပျော်ရွှင်နေကြောင်း သိရသည်။

တကယ့်ကို ကြည်နူးစရာကောင်းကြောင်း၊ ယုံပင်မယုံနိုင်ဖြစ်ရကြောင်း၊ ကမ္ဘာပေါ်တွင် အကောင်းဆုံးအမျိုးသားနှစ်ဦးကို မိမိရထားကြောင်း၊ မိမိအနေဖြင့် အလွန်ပျော်ရွှင်ရပါကြောင်း မီဂန်က ဆက်လက်ပြောကြားထားသည်။

သားတော်လေးကို အဘွားဖြစ်သူ ဘုရင်မကြီး အဲလိစ်ဇဘတ်နှင့် အဘိုးဖြစ်သူ ဖိလစ်တို့ထံသွားရောက်ပြသခဲ့သည်။ ယခုဖွားမြင်ခဲ့သည့် သားတော်လေး အာချီသည် ဘုရင်မကြီး အဲလိစ်ဇဘတ်၏ ရှစ်ယောက်မြောက် မြစ်တော်ဖြစ်ကြောင်း သိရသည်။ ကလေးငယ်လေးအား ဘုရင်မကြီးနှင့် ကြင်ရာတော်တို့ထံသွားရောက်ပြသရာတွင် မီဂန်၏ မိခင်ဖြစ်သူ ကလေးငယ်၏ အဘွားလည်း လာရောက်ခဲ့သည်။

သားတော်လေး အာချီသည် ဗြိတိန်ထီးနန်းအမွေကို ဆက်ခံခွင့်ရှိသူ သတ္တမမြောက်သားတော်လေးတစ်ဦးဖြစ်ပြီး ၎င်းသည် ဗြိတိန်ထီးနန်းဆက်ခံခွင့်ရှိသူများထဲတွင် ပထမဆုံး ဗြိတိသျှ-အမေရိကန်လူမျိုး တော်ဝင်မင်းသားတစ်ပါးဖြစ်သည်။

**အေအက်ဖ်ပီ**

## အက်ဖ်-၁၅ အေ ဂျက်တိုက်လေယာဉ်များ၏တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၈၀ အထိကျဆင်း

**ဝါရှင်တန် မေ ၉**

အမေရိကန်နိုင်ငံ၏ အဓိကစစ်လက်နက်ထုတ်လုပ်သော လော့ခ်ဟိဒ်မာတင်က အက်ဖ်-၃၅ အေဂျက်တိုက်လေယာဉ်များ၏ တန်ဖိုးကို အမေရိကန်ဒေါ်လာ သန်း၈၀ အထိ စံချိန်စျေးချခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာများတွင် ယမန်နေ့ကဖော်ပြခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် အက်ဖ်-၃၅အေတိုက်လေယာဉ်တစ်စင်းကို ကာလရှည် ကတိကဝတ်အနေဖြင့် ဒေါ်လာ သန်း ၈၀ အောက်အထိ စျေးချထားကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူ မိုက်ဖရက်ဒ်မင်းန်က ပြောကြားသည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာလက အက်ဖ် -၃၅ အေတစ်စင်းအတွက် ရောင်းစျေးမှာ အမေရိကန် ဒေါ်လာ သန်း ၉၀ အထိရှိခဲ့သည်။ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဘိုးရင်း၏ အဓိကပြိုင်ဘက်ဖြစ်သော လော့ခ်ဟိဒ်မာတင်ထံမှ အက်ဖ် - ၁၅ အီးဂဲလ် ဂျက်တိုက်လေယာဉ် များဝယ်ယူမှုကို ပြန်လည်ရုပ်သိမ်းမည်ဟု ဖော်ပြခဲ့ပြီးနောက် အက်ဖ်-၃၅အေ၏စျေးနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်သည်။

အက်ဖ် -၃၅ ဂျက်တိုက်လေယာဉ်များကို ပုံစံသုံးမျိုးဖြင့် ထုတ်လုပ်အသုံးပြုခဲ့ရာ လေတပ်အတွက် အက်ဖ်-၃၅ အေ၊ ကမ်းတက်တပ်ဖွဲ့အတွက် အက်ဖ်-၃၅ဘီနှင့် အမေရိကန်ရေတပ်အတွက် အက်ဖ်-၃၅ စီတို့အသီးသီးဖြစ်ကြောင်း သိရသည်။

လော့ခ်ဟိဒ်မာတင်ကုမ္ပဏီသည် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များအတွက် အက်ဖ်-၃၅ ဂျက်လေယာဉ် ၃၈၅ စင်း ထုတ်လုပ်ပေးထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်တိုက်ပွဲများအတွင်း အစိုးရတပ်ဖွဲ့ဝင် တစ်ဦးနှင့် သူပုန်အဖွဲ့ဝင် သုံးဦးသေဆုံး

**မနီလာ မေ ၉**

ဖိလစ်ပိုင်မြောက်ပိုင်း၌ အစိုးရတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(NPA) သူပုန်အဖွဲ့များအကြား ဖြစ်ပွားသည့် ပဋိပက္ခများအတွင်း သူပုန်သုံးဦးနှင့် အစိုးရတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားကြောင်း သူပုန်အဖွဲ့က မေ ၉ရက်တွင် ပြောကြားခဲ့သည်။

အီစာဗီလာပြည်နယ်ရှိ Jones မြို့၌ နှစ်ဖက်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်ကြည်းတပ်ဖွဲ့ ခြေလျင်တပ်ခွဲငါးမှ ပြောဆိုခွင့်ရှိသူ မက်ချ်နီရီရယ်တာယာဘန်က ပြောသည်။ ပစ်ခတ်မှုများအတွင်း သူပုန်သုံးဦး သေဆုံးပြီး အစိုးရတပ်ဖွဲ့များက အမ် ၁၆ ရိုင်ဖယ် သေနတ်တစ်လက်၊ တင့်ကားဖျက်မိုင်း တစ်လုံးနှင့် အခြားကိရိယာများကို တွေ့ရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## မြောက်ကိုရီးယားက ဒုံးကျည်အများအပြား ထပ်မံပစ်လွှတ်

**ပြုံယမ်း မေ ၉**

မြောက်ကိုရီးယားနိုင်ငံသည် မေ ၉ ရက်က အမျိုးအမည်မသိသည့် ဒုံးကျည်လက်နက်အမြောက်အမြားကို ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့သည်။ နျူကလီးယားအရေး မတင်မကျဖြစ်နေသည့် အခြေအနေကို မည်ကဲ့သို့ ဖြိုခွင်းသွားမည်နှင့်ပတ်သက်၍ ဆွေးနွေးမှုများ



မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်များစမ်းသပ်ပစ်လွှတ်ခဲ့သည့်သတင်းကို တောင်ကိုရီးယားပြည်သူများ စောင့်ကြည့်နေစဉ်။

ပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့သို့ အမေရိကန်သံအမတ်ကြီး ရောက်ရှိနေချိန်တွင် ဒုံးကျည်ပစ်လွှတ်မှုများထပ်မံပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် မြောက်ပြုံဂမ်ပြည်နယ်ရှိ ဆီနိုရီမှ အမျိုးအမည်မသိသည့် ဒုံးကျည်များကို ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားရှိ ပူးတွဲစစ်ဦးစီးချုပ်ရုံးအကြီးအကဲက ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက စစ်ရေးလေ့ကျင့်မှုတစ်ခု လုပ်ဆောင်ခဲ့ပြီး အနည်းဆုံး တာတိုပစ်ဒုံးကျည်တစ်စင်းပါဝင်သည့် လက်နက်အများအပြားကို ပစ်ခတ်မှုပြုလုပ်ခဲ့ပြီး ရက်အနည်းငယ်အတွင်း ယခုတစ်ဖန် ဒုံးလက်နက်များ ထပ်မံပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ဒုံးလက်နက်များ ပစ်လွှတ်မှုသည် မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် စတီဖင်ဘီဂန်က ပြုံယမ်းအရေး ချဉ်းကပ်သည့်အနေဖြင့် တောင်ကိုရီးယားအာဏာပိုင်များနှင့် ဆွေးနွေးရန် မေ ၈ ရက်နှောင်းပိုင်းတွင် ဆိုးလ်မြို့သို့ရောက်ရှိပြီး နာရီအနည်းငယ်အကြာတွင် ပေါ်ထွက်လာခဲ့သည်။

**ပထမဆုံး အကြိမ်သွားရောက်**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်းတို့ ဟန္နွိုင်းမြို့၌ ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် သဘောတူညီချက်တစ်စုံတစ်ရာမရရှိဘဲ အဆုံးသတ်ခဲ့ပြီးနောက်ပိုင်း ဆိုးလ်မြို့သို့ ဘီဂန်သွားရောက်မှုသည် ပထမဆုံးအကြိမ်သွားရောက်မှုဖြစ်သည်။

ဒုံးလက်နက်တစ်ခု သို့မဟုတ် ဒုံးလက်နက်အများအပြား ပစ်လွှတ်ခဲ့ခြင်း ဟုတ်မဟုတ်ကို ဆန်းစစ်နေဆဲဖြစ်ကြောင်း ပူးတွဲစစ်ဦးစီးချုပ်ရုံးပြောရေးဆိုခွင့်ရှိသူ ကင်ဂျွန်ရက်က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## အီရန်နိုင်ငံ၏ သတ္တုလုပ်ငန်းများအပေါ် အမေရိကန် ဒဏ်ခတ်ပိတ်ဆို့အရေးယူ

**တီဟီရန် မေ ၉**

နျူကလီးယားဆိုင်ရာ ခြောက်နိုင်ငံသဘောတူညီချက်မှ နုတ်ထွက်မည်ဟု အီရန်သမ္မတက ကြေညာပြီးမကြာမီ အီရန်နိုင်ငံ၏ သတ္တုလုပ်ငန်းများအပေါ် အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့အရေးယူလိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါ ထုတ်ပြန်ချက်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မကြာသေးမီက လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ထုတ်ပြန်ချက်တွင် အီရန်နိုင်ငံ၏ သံ၊ သံမဏိ၊ အလူမီနီယံနှင့်ကြေးဝါတို့ပါဝင်ပြီး အဆိုပါသတ္တုများသည် အီရန်နိုင်ငံ၏ ရေနံလုပ်ငန်းပြီးနောက် ပြင်ပဝင်ငွေနှင့်အခွန် အများဆုံးရရှိသော ပို့ကုန်များဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မိမိအနေဖြင့် အီရန်နိုင်ငံခေါင်းဆောင်နှင့် တစ်နေ့နေ့တွင် တွေ့ဆုံနိုင်ရန် မျှော်လင့်ပြီး သဘောတူညီမှုအသစ်တစ်ခုကို သတ်မှတ်ဆွေးနွေးသွားလိုကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ၂၀၁၈ ခုနှစ် မေလတွင် အီရန်နျူကလီးယားအရေးဘက်စုံသဘောတူညီမှု စာချုပ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့ပြီး အီရန်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ပြန်လည်ဆောင်ရွက်ကာ အီရန်နိုင်ငံ၏ ရေနံတင်ပို့မှု၊ ငွေကြေး နှင့် လေကြောင်းစသည့် အရေးပါသော ကဏ္ဍများအပေါ် အရေးယူခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သော ဖော်ပြပါ အမိန့်ကြေညာချက် ထွက်ပေါ်လာပြီးနောက် အီရန်ကလည်း ၂၀၁၅ သဘောတူညီချက်အစိတ်အပိုင်းများဖြစ်သည့် သန့်စင်ယူရေနီယံနှင့် ရေလေးများ မသိုလှောင်ရန် တားမြစ်ထားမှုကို လိုက်နာတော့မည်မဟုတ်ကြောင်း အီရန်သမ္မတ ဟာဆန်ရူဟာနီက အစောပိုင်းတွင် ကြေညာခဲ့သည်။

အီးယူ၊ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်တို့က အီရန်အပေါ် အမေရိကန်က ပိတ်ဆို့အရေးယူမှု ပြန်လည်ပြုလုပ်ခဲ့သည့်အတွက် ဝမ်းနည်းမိကြောင်းနှင့် အီရန်နိုင်ငံနှင့် တရားဝင်ကုန်သွယ်မှုများကို ဆက်လက်ကြိုးပမ်း ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ရုရှားနိုင်ငံကလည်း အမေရိကန်နိုင်ငံမှ မည်သည့်ပိတ်ဆို့အရေးယူမှုဆောင်ရွက်သည်ဖြစ်စေ၊ ရုရှားနှင့် အီရန်နိုင်ငံအကြား တရားဝင်အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို တားဆီးနိုင်မည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံ၏ ပိတ်ဆို့အရေးယူမှုနှင့်ပတ်သက်ပြီး အီရန်နိုင်ငံသမ္မတက အီရန်နိုင်ငံအနေဖြင့် အီရန်နျူကလီးယားအရေးဘက်စုံသဘောတူညီမှုစာချုပ်တွင် ပါဝင်သည့်အချက်အချို့အပေါ် လိုက်နာသွားမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အမေရိကန်က ချမှတ်လိုက်သည့် ဒဏ်ခတ်ပိတ်ဆို့မှုကို ရုပ်သိမ်းရန် ရက်ပေါင်း ၆၀ အချိန်ပေးထားပြီး အကယ်၍ မရုပ်သိမ်းခဲ့ပါက အီရန်နိုင်ငံ၏ နောက်ထပ်လှမ်းမည့် ခြေလှမ်းသည် အဆင့်မြင့်သန့်စင်ပြီး ယူရေနီယံ ထုတ်လုပ်ရန်ဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**


အီရန်နိုင်ငံ၏စက်ရုံတစ်ရုံကို တွေ့ရစဉ်။

# အင်းလေးကထွက်သော ကြာချည်အော်ဂဲနစ်ထည်များ

**သီဟစည်သူ**

အင်းလေး ဒေသရှိ အင်းပေါ်ခုံကျေးရွာသည် ကြာဖြင့်ရက်လုပ်သော အဝတ်အထည်များကို စဉ်ဆက်မပြတ် ထုတ်လုပ်နေသည့် ကျေးရွာဖြစ်သည်။ ကြာချည်ရက်ကန်းပညာသည် မပျောက်မပျက်ထိန်းသိမ်းသင့်သော မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုလည်းဖြစ်သည်။

အင်းပေါ်ခုံကျေးရွာတွင် ပဒုမ္မာကြာမှရရှိသည့် အမျှင်များကိုထုတ်ယူကာ ကြာသင်္ကန်းအဖြစ် ရက်လုပ်ကြပြီး ဗုဒ္ဓဆင်းတုတော်နှင့် ရဟန်းသံဃာများအား လှူဒါန်းကြသည့်အပြင် ယခုအခါ မင်္ဂလာအခမ်းအနားများတွင် ကြာချည်နှင့် ပိုးကိုရောကာ လည်စည်း၊ လျှော်စောင်၊ အဝတ်အထည်များ စသည်ဖြင့် ပြုလုပ်အသုံးပြုလာကြကြောင်း သိရသည်။

ကြာချည်ပြုလုပ်ရန် ပထမဦးစွာ ပဒုမ္မာကြာရိုးကို အင်းလေးကန်အတွင်းရှိ ကြာခင်းမှ ခူးယူကြရသည်။ ရေအတိမ်အနက်ပေါ်မူတည်ကာ ရေနက်ပါက ကြာရိုးမှာ ပို၍ရှည်ပြီး ကောင်းမွန်သော ကြာချည်မျှင်ကိုရရှိသည်။ ကြာရိုးလေးလက်မခန့်ဖြတ်၍ လက်ဖြင့်ဆွဲကာ အမျှင်များကိုထုတ်ယူပြီး အမျှင်များကို လက်ဖြင့်လိပ်ကာ ကြာချည်ဖြစ်ရန် ပြုလုပ်ရသည်။

ကြာချည်ဖြစ်ပြီးနောက် လိုအပ်သောအရှည်ရရှိပါက အခြောက်ခံရပြီး အရောင်သုံးလိုပါက သစ်သီး၊ သစ်ခေါက်များမှရရှိသော သဘာဝဆိုးဆေးဖြင့် ဆေးဆိုး၍ အသုံးပြုကြသည်။ ရက်ကန်းမခတ်မီ ကြာချည်ကို ဗိုင်းပေါ်တင်ကာ ချည်ခင်ပြီးမှ ရက်ကန်းစင်ပေါ်တင်၍ ရက်လုပ်ပြီးနောက် ကြာချည်ထည်ကိုရရှိသည်။ ပဒုမ္မာကြာသင်္ကန်းတစ်ထည်ရက်လုပ်ရန်အတွက် ကြာရိုးပေါင်း ၂၀၀၀၀၀ ခန့် လိုအပ်သည့်အတွက် တန်ဖိုးမှာလည်း မြင့်မားလှသည်။





ကြာချည်ခင်။ ▲

အင်းလေးကန်အတွင်းမှ ကြာပင်များ။ ◀





ရက်ကန်းရက်လုပ်ရန် ကြိုးတင်ဒီဗိုင်းဖော်နေစဉ်။ ▲

ကြာရိုးမှ ကြာချည်ထုတ်ယူနေသော အမျိုးသမီးတစ်ဦး။ ◀



ဆိုးဆေးအတွက် ဓာတုဆိုးဆေးများကို အသုံးမပြုဘဲ သစ်မြစ်၊ သစ်ဥ၊ သစ်ခေါက်များကိုသာ အသုံးပြုထားသည်။ ▲



ကြာချည်ဖြင့် အဝတ်အထည်ရက်လုပ်နေစဉ်။ ▲



ကြာချည်ဖြင့် ရက်လုပ်ထားသော အဝတ်အထည်များ။ ▲



ကြာချည်များအား ဗိုင်းငင်နေစဉ်။ ▲

# ကမ္ဘာ့ကြက်ခြေနီနေ့တွင် ကြက်ခြေနီလုပ်ငန်း စံထားရသော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့သူနာပြုတက္ကသိုလ်တွင် ကျင်းပခဲ့ရာ ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းနှင့်အတူ ကြက်ခြေနီလုပ်ငန်းများတွင် ကိုယ်ကျိုးစွန့်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော စိတ်ဓာတ်နှင့် စွမ်းဆောင်မှုတို့တွင် စံထားရသော တပ်ဖွဲ့ဝင်များကိုလည်း ဂုဏ်ပြုသည်။

ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီ နာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူထံမှ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကြိုင်က ဖတ်ကြားသည်။

ယင်းနောက် အလှူရှင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းနှင့် ဘက်စုံထူးချွန်ဆုရ လှည်းကူးမြို့နယ်ကို ဆုချီးမြှင့်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက မြို့နယ် ခုနစ်မြို့နယ်မှ ပြသထားသည့်ပြခန်းများကို ကြည့်ရှုအားပေးသည်။

**သတင်း- သန်းထိုက်၊ ဓာတ်ပုံ- သန်းစိုး**




ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားစဉ်။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဂုံမင်းကွင်းကျေးရွာအုပ်စုအတွင်းရှိ ဒေသခံများနှင့်တွေ့ဆုံ

**ရေတာရှည် မေ ၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများသည် ယမန်နေ့က ရေတာရှည်မြို့နယ် အထက်သိုင်းနယ်၊ အောက်သိုင်းနယ်အတွင်းရှိ ကျေးရွာအုပ်စုများ၊ ဂုံမင်းကွင်းကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများနှင့် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ၆ မိုင် သစ်တောကျေးရွာ မူလတန်းလွန်ကျောင်း၌ တွေ့ဆုံပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံများက ဇီးဖြူပင်ကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အခက်အခဲများစွာရှိနေသည့်အပြင် စိုက်ပျိုးစရိတ်ချေးငွေများရရှိခြင်း မရှိကြောင်း၊ ကုမ္ပဏီများဝင်ရောက်လာခဲ့ပြီး မြေယာလုပ်ပိုင်ခွင့်လက်မှတ်များရရှိသော်လည်း ဘိုးဘွားလက်ထက်ကတည်းက လုပ်ကိုင်ခဲ့ကြသော ဒေသခံများသည် ယခုတိုင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် မရရှိသေးကြောင်း၊ သစ်ပုတ်ပင်ကျေးရွာအုပ်စု ဘန့်ဘွေးပင်ကျေးရွာမှ ဘိုးစဉ်ဘောင်ဆက်ကတည်းက လမ်းပန်းဆက်သွယ်မှု ဆိုးရွားစွာဖြင့် သွားလာနေထိုင်ကြရသည့်အတွက် အရှည် ၃ မိုင် ၃ ဖာလုံရှိ လမ်းပိုင်းအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန်၊ မြန်မာ့သစ်လုပ်ငန်းမှ ဖိုးကျားအပန်းဖြေဆင်စခန်းသို့ လျှပ်စစ်မီးများသွယ်တန်း ဆောင်ရွက်နေသည့်အပေါ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ၁၀ မိုင် ဖိုးကျားဆင်စခန်းအကြားရှိ ကျေးရွာသုံးရွာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးနိုင်ရန် ကိစ္စရပ်များ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူတို့က ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **သန်းလွင်**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဂုံမင်းကျေးရွာအုပ်စု ဒေသခံများနှင့် တွေ့ဆုံစဉ်။

# မန္တလေးမြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား ကျင်းပ

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၉ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားနှင့် ရှေးဦးပြုစုခြင်း နည်းပြ (မွမ်းမံ)၊ ရှေးဦးပြုစုခြင်း နည်းပြသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က အောင်မြေသာစံမြို့နယ် အမှတ် (၁၇) အခြေခံပညာအထက်တန်းကျောင်း ချမ်းမြေ့မန္တလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို စေတနာလုပ်အားရှင်များနှင့် အခြေပြု၍ နိုင်ငံအနှံ့ ကျေးရွာအဆင့်ရှိ ပြည်သူများအကြား စိမ့်ဝင်ပျံ့နှံ့မှုရှိစေရန် ဖွဲ့စည်းထားပြီး လူမှုကရုဏာလုပ်ငန်းများကို နိုင်ငံ၏ အရန်အင်အားအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် တန်ဖိုးရှိလှသည့် ရှေးဦးပြုစုခြင်းဆိုင်ရာ ဗဟုသုတခံယူချက် ကျွမ်းကျင်မှုများကို အမြဲမှတ်သားနာယူပြီး ကြက်ခြေနီအခြေခံမူများနှင့်အညီ တိုးတက်ပြောင်းလဲလာသော ကြက်ခြေနီလုပ်ငန်းများဖြင့် ရပ်ရွာလူထုကို ခွဲခြားမှုမရှိဘဲ လူသားချင်းစာနာထောက်ထားမှုစိတ် အပြည့်အဝဖြင့် ကူညီဆောင်ရွက်ရင်း လူထုပူးပေါင်းပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ဧပြီ ၂၇ ရက်မှ မေ ၆ ရက်အထိ ဖွင့်လှစ်ခဲ့သည့် ရှေးဦးပြုစုခြင်းနည်းပြ (မွမ်းမံ) နှင့် ရှေးဦးပြုစုခြင်းနည်းပြသင်တန်းများတွင် တက်ရောက်ခဲ့ကြသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းတွင် စာပေထူးချွန်ဆု၊ လက်တွေ့ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုနှင့် ထမ်းစင်ပညာ ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

လူမှုကရုဏာလုပ်ငန်းများ စတင်လုပ်ဆောင်ရန် လှုံ့ဆော်ပေးခဲ့သော ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်၏ မွေးနေ့ မေ ၈ ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ်သတ်မှတ်ကာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)၊ ဓာတ်ပုံ- အောင်ဖြိုးကျော်**



ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား ကျင်းပစဉ်။

## ဈေးကွက်ပေါက်ဈေး

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၉-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) |
|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ | ကျပ် | ၁၀၁၀/၁၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ | ကျပ် | ၁၀၂၅/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၀ | ကျပ် | ၉၄၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၇၀ | ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၈ ・ ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၀ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၀ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၅ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၃ ・ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၆ ・ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ ・ ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၈၅၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ ・ ၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ ・ ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၀၇၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပရီမီယာလိဂ်ပွဲစဉ် (၃၈)

| တနင်္ဂနွေနေ့ | | | ၁၂-၅-၁၉ |
|---|---|---|---|
| ဘရိုက်တန် | - | မန်စီးတီး | ည ၈း၃၀ |
| ဘန်လေ | - | အာဆင်နယ် | ည ၈း၃၀ |
| ပဲလေ့စ် | - | ဘုန်းမောက် | ည ၈း၃၀ |
| ဖူလ်ဟမ် | - | ကာဆယ် | ည ၈း၃၀ |
| လက်စတာ | - | ချယ်လ်ဆီး | ည ၈း၃၀ |
| လီဗာပူး | - | ဝုဖ် | ည ၈း၃၀ |
| မန်ယူ | - | ကာဒစ်ဖ် | ည ၈း၃၀ |
| ဆောက်သမ်တန် | - | ဟက်ဒါဖီးလ် | ည ၈း၃၀ |
| စပါး | - | အဲဗာတန် | ည ၈း၃၀ |
| ဝက်ဖို့ဒ် | - | ဝက်စ်ဟမ်း | ည ၈း၃၀ |

## လာလီဂါပွဲစဉ် (၃၇)

| တနင်္ဂနွေနေ့ | | | ၁၂-၅-၁၉ |
|---|---|---|---|
| ဘီဘာအို | - | ဆယ်လ်တာဗီဂို | ည ၁၁း၀၀ |
| အက်သလက် | - | ဆီဗီလာ | ည ၁၁း၀၀ |
| ဘာစီလိုနာ | - | ဂီတာဖေး | ည ၁၁း၀၀ |
| ဘက်တစ် | - | ဝက်စ်ကာ | ည ၁၁း၀၀ |
| ဂျီရိုနာ | - | လီဗန်တေး | ည ၁၁း၀၀ |
| ဗယ်လီကာနို | - | ဗယ်လာဒိုလစ် | ည ၁၁း၀၀ |
| ဗလန်စီယာ | - | အလာဗက်စ် | ည ၁၁း၀၀ |
| ဗီလာရီးရဲ | - | အီဘာ | ည ၁၁း၀၀ |
| ဗီလာရီးရဲ | - | အက်စ်ပန်ညို | ည ၁၁း၀၀ |
| ဆိုစီဒက် | - | ရီးရဲ | ည ၁၁း၀၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၃၆)

| သောကြာနေ့ | | | ၁၀-၅-၁၉ |
|---|---|---|---|
| စိန့်အေတီယန် | - | မောင့်ပယ်လီယာ | နံနက် ၁း၁၅ |
| **စနေနေ့** | | | **၁၁-၅-၁၉** |
| အန်ဂျာ | - | ပီအက်စ်ဂျီ | ည ၉း၃၀ |
| အာမီယံ | - | တူးလောက်စ် | နံနက် ၀၀း၃၀ |
| ကိန်း | - | ရိမ်းစ် | နံနက် ၀၀း၃၀ |
| ဒီဂျွန် | - | စထရက်ဘော့ချ် | နံနက် ၀၀း၃၀ |
| နိုက်စ် | - | နန့်စ် | နံနက် ၀၀း၃၀ |
| နီမက်စ် | - | မိုနာကို | နံနက် ၀၀း၃၀ |
| **တနင်္ဂနွေနေ့** | | | **၁၂-၅-၁၉** |
| ရိန်းနက်စ် | - | ဂူအင်ဂမ့် | ည ၇း၃၀ |
| လိုင်လီ | - | ဘော်ဒိုး | ည ၉း၃၀ |
| မာဆေး | - | လိုင်ယွန် | နံနက် ၁း၃၀ |

## ဘွန်ဒက်လီဂါပွဲစဉ် (၃၃)

| စနေနေ့ | | | ၁၁-၅-၁၉ |
|---|---|---|---|
| ဟော့ဖန်ဟိမ်း | - | ဝါဒါဘရီမင် | ည ၈း၀၀ |
| ဒေါ့မွန် | - | ဖော်ကျူနာ | ည ၈း၀၀ |
| လေဗာကူဆင် | - | ရှော်လ်ကာ | ည ၈း၀၀ |
| လိုက်ပ်ဇစ် | - | ဘိုင်ယန် | ည ၈း၀၀ |
| စတုဂတ် | - | ဝုဖ်ဘတ် | ည ၈း၀၀ |
| အော့ဘတ် | - | ဟာသာဘာလင် | ည ၈း၀၀ |
| ဟန်နိုဗာ | - | ဖရိုင်းဘတ် | ည ၈း၀၀ |
| နူရင်ဘတ် | - | ဂလာဘတ်ချ် | ည ၈း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၂-၅-၁၉** |
| ဖရန့်ဖွတ် | - | မိန့်ဇ် | ည ၁၀း၃၀ |

## စီးရီးအေပွဲစဉ် (၃၆)

| စနေနေ့ | | | ၁၁-၅-၁၉ |
|---|---|---|---|
| အတ္တလန္တာ | - | ဂျီနိုအာ | ည ၇း၃၀ |
| ကက်ဂလီယာရီ | - | လာဇီယို | ည ၁၀း၃၀ |
| ဖီအိုရင်တီးနား | - | မီလန် | နံနက် ၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၂-၅-၁၉** |
| တိုရီနို | - | ဆက်ဆူအိုလို | ညနေ ၅း၀၀ |
| ဆမ်ဒိုးရီးယား | - | အမ်ပိုလီ | ည ၇း၃၀ |
| ဖရိုစီနိုနီ | - | အူဒီးနိစ် | ည ၇း၃၀ |
| SPAL | - | နာပိုလီ | ည ၁၀း၃၀ |
| ရိုးမား | - | ဂျူဗင်တပ်စ် | နံနက် ၁း၀၀ |
| **တနင်္လာနေ့** | | | **၁၃-၅-၁၉** |
| ဘိုလော့ဂ်နာ | - | ပါးမား | ည ၁၁း၀၀ |
| အင်တာ | - | ချီယေဗို | နံနက် ၁း၀၀ |

# ချန်ပီယံအဖြေထွက်မယ့်ပွဲစဉ် ၃၈

▌ဝေမိုးဆက်



ပရီမီယာလိဂ်ကနောက်ဆုံးပွဲစဉ်ဖြစ်တဲ့ပွဲ စဉ် ၃၈ ကိုတောင် ရောက်ရှိလာပြီ ဖြစ်ပါတယ်။ အခုအချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့တန်းဆင်းဇုန် အသင်းတွေအဖြေထွက်ခဲ့ပေမယ့် မန်စီးတီးနဲ့ လီဗာပူးတို့ရဲ့ ချန်ပီယံဆုအတွက် အားပြိုင်မှုကတော့ မပြီးဆုံးသေးပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ် ၃၈ ဟာ စိတ်ဝင်စားဖို့ကောင်းနေပြီး အကြိတ်အနယ်ရှိနေဦးမှာ ဖြစ်ပါတယ်။

### ဘရိုက်တန် Vs မန်စီးတီး

ပထမအကျော့ရလဒ် - မန်စီးတီး ၂-၀ ဘရိုက်တန်

မန်စီးတီးက ဒီပွဲအနိုင်ရတာနဲ့ ချန်ပီယံဖြစ်မှာပါ။ ဒါကြောင့်လည်း မန်စီးတီးတို့အားစိုက်ကစားလာမှာဖြစ်သလို ကြားရက်မှာကစားရမယ့်ပွဲလည်း မရှိပါဘူး။ ဘရိုက်တန်က အိမ်ကွင်းဖြစ်ပေမယ့် တန်းတင်ကျန်ရစ်ဖို့သေချာနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘရိုက်တန်ရဲ့ ခံကစားအားက သာမန်သာရှိနိုင်ပါတယ်။ မန်စီးတီးနဲ့ပဲ လက်တွဲရမယ်။

### ဘန်လေ Vs အာဆင်နယ်

ပထမအကျော့ရလဒ် - အာဆင်နယ် ၃-၁ ဘန်လေ

အာဆင်နယ်က ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်မရှိတော့ပေမယ့် အဆင့် ၅ နေရာ မတည်ငြိမ်သေးလို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် အာဆင်နယ်အနေနဲ့ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိနိုင်သလို ဘန်လေကလည်း အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်တာကြောင့် အာဆင်နယ်နိုင်ရင်တောင် ဂိုးမပြတ်ဘူး။

### ဖူလ်ဟမ် Vs ကာဆယ်

ပထမအကျော့ရလဒ် - ကာဆယ် ၀-၀ ဖူလ်ဟမ်

ဖူလ်ဟမ်က တန်းဆင်းခဲ့ရပြီးတဲ့နောက်ပိုင်း ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိခဲ့တာကို တွေ့ရပါတယ်။ ဒီပွဲကလည်း နောက်ဆုံးပွဲဖြစ်တဲ့အပြင် အိမ်ကွင်းလည်းဖြစ်လို့ နိုင်ပွဲနဲ့ရာသီသိမ်းနိုင်အောင် ဂရုတစိုက်ကစားလာမှာ သေချာပါတယ်။ ကာဆယ်ကတော့ ခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းကျဆင်းတတ်ပါတယ်။ ဖူလ်ဟမ်ကိုပဲ နှစ်သက်တယ်။

### ပဲလေ့စ် Vs ဘုန်းမောက်

ပထမအကျော့ရလဒ် - ဘုန်းမောက် ၂-၁ ပဲလေ့စ်

နှစ်သင်းစလုံးအနေနဲ့ လက်ရှိအချိန်မှာ ခြေစွမ်းကောင်းတွေကိုပိုင်ဆိုင်နေကြပါတယ်။ ဒီနှစ်သင်းဟာ မျှော်လင့်ချက်အတွက်အားစိုက်ရမယ့် အခြေအနေမရှိတော့ပေမယ့် ပဲလေ့စ်ကတော့ အိမ်ကွင်းဖြစ်လို့ နောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်အောင် ဂရုတစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာပဲလေ့စ်ပဲနိုင်ပွဲ ကပ်ရဖို့ရှိပါတယ်။

### လီဗာပူး Vs ဝုဖ်

ပထမအကျော့ရလဒ် - ဝုဖ် ၀-၂ လီဗာပူး

လီဗာပူးက မန်စီးတီးခြေချော်ခဲ့ရင်ချန်ပီယံ ဆုရယူနိုင်ဖို့ ဒီပွဲကို မဖြစ်မနေအနိုင်ရဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် လီဗာပူးအနေနဲ့ ချန်ပီယံလိဂ်ပွဲကစားခဲ့ရလို့ ပွဲပန်းမှုရှိနိုင်ပါတယ်။ ဝုဖ်ကလည်း အဝေးကွင်းဖြစ်ပေမယ့် လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေပြီး အသင်းကြီးတွေကို အခက်တွေ့စေခဲ့ပါတယ်။ လီဗာပူးဂိုးပြတ်နိုင်ဖို့ခက်မယ်။

### စပါး Vs အဲဗာတန်

ပထမအကျော့ရလဒ် - အဲဗာတန် ၂-၆ စပါး

လက်ရှိအချိန်မှာ စပါးက ချန်ပီယံလိဂ် ဝင်ခွင့်ရဖို့သေချာနေပြီဖြစ်ပေမယ့် အဆင့် ၃ နေရာပြန်ရဖို့အတွက်ဆိုရင်တော့ နိုင်ပွဲရထားဖို့ လိုပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာစပါးတို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ခြေစွမ်းကျဆင်းနေသလို ချန်ပီယံလိဂ်ကြောင့်လည်း ပွဲပန်းလာနိုင်ပါတယ်။ အဲဗာတန်ကလည်း ခြေမဆိုးလို့ စပါးကပ်ပြီးသာနိုင်မယ်။

### မန်ယူ Vs ကာဒစ်ဖ်

ပထမအကျော့ရလဒ် - ကာဒစ်ဖ် ၁-၅ မန်ယူ

မန်ယူအနေနဲ့ အဆင့် ၅ နေရာရပြီး ယူရိုပါလိဂ်မှာ ချယ်လ်ဆီးပိုလ်စွဲခဲ့ရင်ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်လို့ရလို့ ဒီပွဲကို အနိုင်ရအောင်ကစားမှာပါ။ မန်ယူခြေက ကျဆင်းနေပေမယ့် အိမ်ကွင်း ဖြစ်နေပါတယ်။ ကာဒစ်ဖ်ကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေတာကြောင့် မန်ယူတို့ဒီပွဲမှာတော့ အခွင့်အရေးရနိုင်ပါတယ်။ မန်ယူနိုင်ပွဲနဲ့ ရာသီသိမ်းမယ်။

### ဝက်ဖို့ဒ် Vs ဝက်စ်ဟမ်း

ပထမအကျော့ရလဒ် - ဝက်စ်ဟမ်း ၀-၂ ဝက်ဖို့ဒ်

နှစ်သင်းစလုံးအတွက် အမှတ်မလိုတော့အခြေအနေဖြစ်နေတာကြောင့် အားစိုက်မှုသာမန်သာရှိနိုင်ပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ကတော့ အိမ်ကွင်းဖြစ်တာကြောင့် ရလဒ်ကောင်းနဲ့ ရာသီပိတ်နိုင်ဖို့ ဂရုတစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း ဝက်စ်ဟမ်းရဲ့ခြေစွမ်း ကောင်းမွန်နေပေမယ့် ဒီပွဲမှာတော့ သရေလောက်ပဲ အမြင့်ဆုံးရမယ်။

### လက်စတာ Vs ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၀-၁ လက်စတာ

လက်ရှိအချိန်မှာ ချယ်လ်ဆီးက ချန်ပီယံလိဂ် ဝင်ခွင့်ရဖို့ သေချာသွားပေမယ့် အဆင့် ၃ နေရာ ရဖို့တော့ ဒီပွဲမှာမှားလို့ မရသေးပါဘူး။ ဒါကြောင့် အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအနေနဲ့ ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းမှု တွေရှိနေနိုင်ပါတယ်။ ဒါ့အပြင် လက်စတာက အိမ်ကွင်းအားလည်းရှိလို့ ချယ်လ်ဆီးဂိုးပြတ်ဖို့ခက်တယ်။

### ဆောက်သမ်တန် Vs ဟက်ဒါဖီးလ်

ပထမအကျော့ရလဒ် - ဟက်ဒါဖီးလ် ၁-၃ ဆောက်သမ်တန်

နှစ်သင်းစလုံးက ခြေစွမ်းပိုင်းအားနည်းနေကြသလို ဆောက်သမ်တန်ကလည်းတန်းတင် ကျန်ရစ်ဖို့သေချာနေကာ ဟက်ဒါဖီးလ်ကလည်း တန်းဆင်းရဖို့သေချာနေတဲ့ အသင်းဖြစ်တဲ့အတွက် အားစိုက်မှုကသာမန်သာရှိနိုင်ပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ကတော့ အိမ်ကွင်းဖြစ်တာကြောင့် ဂရုတစိုက်နဲ့ကစားလာနိုင်သလိုနိုင်ပွဲလည်း ရသွားဖို့ရှိတယ်။

## ဘရာဇီးကစားသမားဟောင်း အဒူးအား ခေါ်ယူရန် အာဆင်နယ်အသင်း ကမ်းလှမ်းမှု ပြုလုပ်ခဲ့



ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ဘရာဇီးဘောလုံးအဖွဲ့ချုပ်တွင် တာဝန်ရှိသူတစ်ဦးအဖြစ် တာဝန်ယူထမ်းဆောင်နေသူ ဘရာဇီးဗဟိုကွင်းလယ်ကစားသမားဟောင်း အဒူးဂက်စ်ပါအား ခေါ်ယူရန် ကမ်းလှမ်းမှုတစ်ခုပြုလုပ်ခဲ့ကြောင်း ဘရာဇီး ဘောလုံးအဖွဲ့ချုပ်မှ သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အာဆင်နယ်အသင်းသည် လစ်လပ်လျက်ရှိသည့် အားကစားဒါရိုက်တာရာထူးနေရာအတွက် ကွင်းလယ်ကစားသမားဟောင်း အဒူးအား ခေါ်ယူရန် ကမ်းလှမ်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အသက် ၄၀ အရွယ်ရှိ ကွင်းလယ်ကစားသမားဟောင်း အဒူးသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့ပြီး အာဆင်နယ်အသင်းနှင့်အတူ ပရီမီယာလိဂ် ချန်ပီယံဆုဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်နှင့် ကွန်မြူနတီဒိုင်း တစ်ကြိမ် ရရှိခဲ့ဖူးသူ ဖြစ်သည်။

“ဘရာဇီးဘောလုံးအဖွဲ့ချုပ်မှာ တာဝန်ရှိသူတစ်ဦးအနေနဲ့ တာဝန်ထမ်းဆောင်နေတဲ့ အဒူးက သူ့ကို ခေါ်ယူဖို့ အာဆင်နယ်အသင်းက ကမ်းလှမ်းမှုတစ်ခုပြုလုပ်ခဲ့ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်ထံ အကြောင်းကြားခဲ့ပါတယ်။ အဒူးနဲ့ ဘရာဇီးဘောလုံးအဖွဲ့ချုပ်တို့ဟာ လာမယ့် ၂၀၂၂ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးချိန်အထိ စာချုပ်ဆိုထားခြင်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဘရာဇီးဘောလုံးအဖွဲ့ချုပ်အတွက် အဒူးထမ်းဆောင်နေတဲ့ ရာထူးနေရာနဲ့ ပတ်သက်ပြီး ထင်ကြေးပေး ထွက်ပေါ်နေတဲ့ အမည်စာရင်းတွေကိုလည်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်အနေနဲ့ ငြင်းပယ်ပါတယ်။ လက်ရှိအချိန်မှာ အဒူးအနေနဲ့ လာမယ့် ကိုပါအမေရိကဖလားပြိုင်ပွဲအတွက် အာရုံစိုက်နေပါတယ်”ဟု ဘရာဇီးဘောလုံးအဖွဲ့ချုပ်မှ သတင်းထုတ်ပြန်ကြေညာခဲ့သည်။

ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲအား လာမည့် ဇွန် ၁၄ ရက်မှ ဇူလိုင် ၇ ရက်အထိ ဘရာဇီးနိုင်ငံရှိ မြို့ငါးမြို့မှ ကွင်း ခြောက်ကွင်းတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် အိမ်ရှင်ဘရာဇီးအသင်းအပါအဝင် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၂ သင်းဖြင့် ကျင်းပသွားမည် ဖြစ်သည်။ **ထက်အောင်**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်များ တောင်ကြီးမြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံ

**တောင်ကြီး မေ ၉**

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့သည် ယနေ့ ညနေပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ဒေသစာရီကြွချီ အပူဇော်ခံသည်။

**အလှူငွေများလှူဒါန်း**

စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့မှ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ သာစည်-ယင်းမာပင်-ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင်-အေးသာယာမြို့များကို ဖြတ်သန်း၍ ဒေသစာရီကြွချီအပူဇော်ခံရာ ခရီးလမ်းတစ်လျှောက်တွင် ဌာနဆိုင်ရာများ၊ မြို့သူမြို့သားများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများက ဖူးမြော်ကြည်ညိုကြပြီး **(ယာပုံ)** စေတီတော်တည်ထားကိုးကွယ်ရေး အလှူငွေများ လှူဒါန်းကြသည်။

**ဖူးမြော်ကြည်ညို**

ထို့မှတစ်ဆင့် ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့ ကျောက်တိုင်ကွင်း မိုးလုံလေလုံအားကစားရုံသို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ဝင်များက ဖူးမြော်ကြည်ညိုကြသည်။



စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား တောင်ကြီးမြို့ ကျောက်တိုင်ကွင်းအားကစားရုံတွင် မေ ၉ ရက်က ၁၂ ရက် နံနက်ပိုင်းအထိ ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် အပူဇော်ခံထားရှိသွားမည်ဖြစ်ပြီး မေ ၁၁ ရက် ည ၇ နာရီခွဲတွင် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က ဗုဒ္ဓရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ် ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်သွားမည်ဖြစ်သည်။ **ဟန်လင်းနိုင်**

# ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား မကွေးမြို့၌ ကျင်းပ

**မကွေး မေ ၉**

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌမှ ပေးပို့သည့် သဝဏ်လွှာကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထိုက်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့၏ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ချက်များကို တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်နိုင်ဦးက ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားခဲ့သည့် တပ်ဖွဲ့ဝင် ဦးဇော်လင်းဦးအတွက် အသက်အာမခံ ငွေကျပ် ၄၆ သိန်းကျော်ကို မိသားစုများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကြက်ခြေနီတပ်ဖွဲ့တွင် လုပ်သက်နှစ် ၄၀ စဉ်ဆက်မပြတ် လုပ်ကိုင်ခဲ့သူ ၁၂ ဦး၊ ငွေစာရင်းအစီရင်ခံစာ ပုံမှန်ပေးပို့သော သရက်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့၊ သွေးလှူရှင်အများဆုံး စည်းရုံးနိုင်ခဲ့သည့် ပခုက္ကူမြို့နယ်နှင့် သရက်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့များ၊ ရခိုင်ပြည်နယ်သို့ တိုင်းဒေသကြီးကိုယ်စားပြု သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင် ၂၂ ဦး၊ အတိုးတက်ဆုံး မြို့နယ်ခွဲအသင်းများနှင့် မကွေးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲတို့အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

**ဇေယျာတု (မကွေး)**

# အောင်သုခမ္မရိပ်သာ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာ၏ အန္တိမအဂ္ဂိစျာပနအခမ်းအနား မေ ၁၂ ရက် ကျင်းပမည်

**ပဲခူး မေ ၉**

ပဲခူးမြို့ အောင်သုခမ္မရိပ်သာကြီး၏ အဓိပတိမဟာနာယက ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာ၏ အန္တိမအဂ္ဂိစျာပန၊ သာခုကီဠနပူဇာသဘင်အခမ်းအနားကို ၁၃၈၁ ခု၊ ကဆုန်လဆန်း ၉ ရက် ၊ ၂၀၁၉ ခုနှစ် မေ ၁၂ ရက်၊ ညနေ ၅ နာရီတွင် အောင်သုခမ္မရိပ်သာအနီးတွင် ရှိသော အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်၊ ရဟတ်ယာဉ်ကွင်းရှိ လောင်တိုက်တော်၌ တေဇောဓာတ်ဖြင့် ပူဇော်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ပဲခူးမြို့ အောင်သုခမ္မရိပ်သာအတွင်းရှိ စံကျောင်းတော်တွင် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ အပူဇော်ခံထားရှိရာ ရဟန်းရှင်လူအများ လာရောက်ဖူးမြော် ပူဇော်ကန်တော့လျက်ရှိကြသည်။ လာရောက်ဖူးမြော်ကြသူအပေါင်းကိုလည်း တပည့်ယောဂီများက စားသောက်ဖွယ်ရာများ၊ လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကုသိုလ်ယူလျက်ရှိကြသည်။ မေ ၁၁ ရက် ညနေ ၆ နာရီအထိ ရုပ်ကလာပ်တော်ကို အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သိရသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို မေ ၁၂ ရက် ညနေတွင် အန္တိမစျာပန ပူဇော်မည်ဖြစ်ရာ ထိုနေ့ မွန်းလွဲ ၂ နာရီတွင် တပည့်ယောဂီများနှင့် ဒါယကာ၊ ဒါယိကာမများက ကြွရောက်၍ ဆရာတော်ကြီးအား ဖူးမြော်ပူဇော်ကြပါရန် စျာပနအခမ်းအနားကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။

ဆရာတော်ကြီးသည် ဧပြီ ၂၇ ရက် ည ၁၁ နာရီ ၁၁ မိနစ်တွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံကြီးတွင် ခန္ဓာဝန်ချတော်မူခဲ့ပြီး အဆိုပါဆေးရုံမှ ပဲခူးမြို့ အောင်သုခမ္မရိပ်သာကြီးသို့ ဧပြီ ၂၈ ရက်မှစ၍ ပြန်လည်ပင့်ဆောင် ပူဇော်ခံထားရှိနေခြင်းဖြစ်သည်။ **ကိုကို**

# တာချီလိတ်မြို့၌ ဒေသအခြေစိုက်နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များ ဆွေးနွေး

**တာချီလိတ် မေ ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဇန်မွန်အာခါဟိုတယ်နှင့် မကာဟိုခမ်းရပ်ကွက် အောင်မြတ်ခန်းမတို့၌ ဒေသအခြေစိုက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို မေ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပခဲ့သည်။



ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆွေးနွေးပွဲတွင် တက်ရောက်သူတစ်ဦး မေးမြန်းစဉ်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)နိုင်ငံရေးပါတီများ အစုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (UPDJC) အတွင်းရေးမှူး စိုင်းကျော်ညွန့်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (UPDJC) အတွင်းရေးမှူး ဦးနိုင်ငံလင်းက အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖိုရမ်(CSOs Forum)ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင်၊ တအာင်း(ပလောင်)အမျိုးသားပါတီ (UPDJC) အတွင်းရေးမှူး တာလုဖေ၊ ၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ဦးမင်းကိုနိုင်၊ စာရေးဆရာ ဦးမောင်မောင်စိုးနှင့် လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါ်အေးသီတာမြင့်တို့က ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအခြေစိုက်နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် တက်ရောက်လာသူများက နိုင်ငံများ၏ အခွင့်အရေး၊ ကျား၊ မ တန်းတူရေးနှင့် နိုင်ငံသားပြုခြင်းဆိုင်ရာစသည့် ဒီမိုကရေစီစနစ်ဆိုင်ရာ ကိစ္စရပ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စ၊ တိုင်းရင်းသားလူမျိုးများအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဥပဒေများ၊ မြေယာပိုင်ဆိုင်ခြင်း၊ အမွေခွဲဝေခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝသယံဇာတ စီမံခန့်ခွဲခြင်း၊ ခွဲဝေခြင်းဆိုင်ရာမူဝါဒ၊ ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒစသည့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးခြင်း၊ မေးမြန်းခဲ့ရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများအစုအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများအစုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသုဝေနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ ၂၁ ပါတီမှ တာဝန်ရှိသူများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မိုးကောင်းမြို့နယ်၌ ဆေးစိမ်ခြင်ထောင် အလုံး ၃၀၀၀၀ ကျော် အခမဲ့ဖြန့်ဝေ

**မိုးကောင်း မေ ၉**

မိုးကောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ငှက်ဖျားရောဂါဖြစ်ပွားမှု လျော့နည်းနိုင်သမျှ လျော့နည်းစေပြီး ပပျောက်သွားသည်အထိ ရည်ရွယ်၍ ငှက်ဖျားရောဂါ ဖြစ်လာနိုင်ဖွယ်ရှိသော နေရာဒေသများသို့ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်းကို မေ ၈ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ကျန်းမာရေးဌာနရဲ့စာရင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ (MCC) စေတနာ့ဝန်ထမ်းများရဲ့ စာရင်းနဲ့ အပြည်ပြည်ဆိုင်ရာ လူထုကျန်းမာရေးဝန်ဆောင်မှု(PSI)အဖွဲ့ရဲ့ ယခင်နှစ်တွေက ငှက်ဖျားရောဂါစစ်တမ်းအရ နေရာတွေ သတ်မှတ်ပြီး ငှက်ဖျားဖြစ်လာနိုင်ဖွယ်ရှိတဲ့နေရာတွေကို ရွေးချယ်ပြီးတော့ ဆေးစိမ်ခြင်ထောင်တွေ အခမဲ့ဖြန့်ဝေပေးနေတာဖြစ်ပါတယ်" ဟု မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁) ဦးလကျုံဘရန်က ပြောကြားသည်။

ခြင်ထောင်များ ဖြန့်ဝေပေးရာတွင် မရမ်း၊ နမ္မတီး၊ ကံလှ၊ နန့်ဟိုင်၊ ဆားမှော်၊ နမ္မနနှင့် ပင်းဘောကျေးရွာတို့မှ ကျေးလက်ကျန်းမာရေးဌာန နယ်မြေ ၄၇ နေရာရှိ လူဦးရေ ၇၇၇၁၀ အတွက် နှစ်ယောက်အိပ် ဆေးစိမ်ခြင်ထောင် အလုံးရေ ၃၉၀၅၃ လုံးကို ဖြန့်ဝေ ပေးနေခြင်းဖြစ်ကြောင်း၊ ကျေးရွာနယ်မြေတစ်ခုချင်းစီ၌ သုံးရက်အတွင်း အခမဲ့ ဖြန့်ဝေပေးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သန်းလွင်ဦး(ဖြန်/ဆက်)**

## ဘူးသီးတောင်မြို့နယ်၌ စာသင်ကျောင်းဆောင် တစ်ဆောင်နှင့် ဆိုင်ခန်း ၂၉ ခန်း မီးလောင်ဆုံးရှုံး



**ဘူးသီးတောင် မေ ၉**

မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ကွန်တိုင်ကြီးကျေးရွာ၌ မေ ၉ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်၍ စာသင်ကျောင်းဆောင် တစ်ဆောင်နှင့် ဆိုင်ခန်း ၂၉ ခန်း ဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ ကျေးရွာနေ မာမတ်ဟူဆောင်း၏ အကြော်ဆိုင် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ခဲ့ပြီး အနားရှိဆိုင်ခန်း ၂၉ ခန်းနှင့် အလက (ခွဲ) စာသင်ကျောင်းဆောင် တစ်ဆောင်နှင့် အာရ်ဗီစာသင်ကျောင်းဆောင် တစ်ခုကို မီးကူးစက်လောင်ခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာသားများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မာမတ်ဟူဆောင်းအား လေးမြို့နယ်ခြားစောင့်ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## ဝိုင်းမော်၌ သစ်တောကြိုးဝိုင်းရေိယာအတွင်း တစ်သျှူးငှက်ပျော စိုက်ပျိုးထားသည့်ကုမ္ပဏီအား အရေးယူ

**ဝိုင်းမော် မေ ၉**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်သစ်တောဦးစီးဌာန၏ သစ်တောကြိုးဝိုင်းအတွင်း တစ်သျှူးငှက်ပျော စိုက်ပျိုးသည့် ကုမ္ပဏီကို မေ ၇ ရက်တွင် ဝိုင်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် သစ်တောရေိယာနယ်နိမိတ် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း တရုတ်တစ်သျှူးငှက်ပျော ကျူးကျော်စိုက်ပျိုးနေမှုများကို သတ်မှတ်ကာလအတွင်း ဖျက်သိမ်းပေးရန် ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မေ ၆ ရက်က ဝိုင်းမော်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးဆွတ်ရိန်ဆိုင်းလာ ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် တာဝန်ရှိသူများပူးပေါင်း၍ နန့်ဝါကျေးရွာရှိ သစ်တောကြိုးဝိုင်းအတွင်း သွားရောက်စစ်ဆေးရာ "မျိုးဆက်ကြယ်ပွင့်" စိုက်ပျိုးရေးကုမ္ပဏီမှ သစ်တောကြိုးဝိုင်းအတွင်းရှိ မြေဧရိယာ ၉၈ ဧကအား ကျူးကျော်၍ တစ်သျှူးငှက်ပျော စိုက်ပျိုးထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဝိုင်းမော်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါ စိုက်ပျိုးရေးကုမ္ပဏီကို ဝိုင်းမော်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြန်မာ့ရုပ်မြင်သံကြား

၁၀-၅-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
၉း၁၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၈)
၁၄း၂၀ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ မေဝင်းမောင်)
၁၄း၅၀ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (လျှော်ဘေးအန္တရာယ်)

**ညပိုင်း**

၁၇း၃၀ - Weekly Sport Info
၁၇း၅၅ - လေပြင်းဘေးကြိုတင်ပြင်ဆင်ရေး
၁၈း၂၅ - BBC Click
၁၈း၃၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပြဿနာ"
၁၉း၃၀ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၉)(ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ-ဘိုသန့်)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- အန္တရာယ်ကြီးမားမူးယစ်ဆေးဝါး
၂၀း၃၅ - "ထွန်းတောက်လာမည့် အနာဂတ်ကြယ်ပွင့်လေးများ"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၂၃)
- ပြည်သူ့နီတိ "တူသောအကျိုး"

## တိုင်းဒေသကြီးလေးခုနှင့် ပြည်နယ်တစ်ခုတို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ခရိုင်စစ်ကြောင်းအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက်မှ ၈ ရက်အတွင်း ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း ဆောင်ရွက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ကားလမ်းပေါ်ရှိ A6-FAW မော်တော်ယာဉ်နှစ်စီးပေါ်မှ ကျွန်းသစ် ၃၂ လုံး (၆ ဒသမ ၉၅၈၀ တန်)နှင့် ပြစ်မှုကျူးလွန်သူ ခုနစ်ဦးအား လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် မရမ်းချို ကျေးရွာအုပ်စုအတွင်းမှ တောင်သရက် ခွဲသား ၈၇ ချောင်း (၁၅ ဒသမ ၇၀၈၆ တန်)နှင့် ပြစ်မှုကျူးလွန်သူ ခြောက်ဦးအားလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် အတွင်းမှ ကညင်၊ တောဇီး၊ ကြေးလံ၊ ဘိုင်သစ်၊ ဆေးခါး၊ လောက်ယား၊ မအူ၊ ငါးပေါက်၊ တောမန်ကျည်း စုစုပေါင်း ၅၄၆ လုံး (၁၇၃ ဒသမ ၇၄၂၉ တန်)နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကနီမြို့နယ်အတွင်းရှိ သနပ်ချောင်းအနီးရှိ ခြောက်ဘီး မော်တော်ယာဉ်ပေါ်မှ ပိတောက်ခွဲသား ၅၄ ချောင်း (၇ ဒသမ ၁၆၅၆ တန်) မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ပင်းခန်းချောင်းဖျားနေရာမှ တမလန်းခားရွေ ၃၇ လုံး (၆ ဒသမ ၉၁၄၆ တန်)၊ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် သူရဲတန်း ကြိုးဝိုင်းအတွင်းမှ ကျွန်း၊ ပျဉ်းကတိုးခွဲသား ၄၄၃ ချောင်း (၃၉ ဒသမ ၇၀၃၀ တန်) နှင့် မကွေးတိုင်းဒေသကြီး သရက် ခရိုင် အောင်လံမြို့နယ် အတွင်းမှ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး ခွဲသား စုစုပေါင်း ၄၉ ချောင်း (၄ ဒသမ ၇၈၅၄ တန်) တို့အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လှမော်**

## မိုင်းဖြတ်မြို့နယ်မှ အမျိုးသမီးငယ် နှစ်ဦးအား တရုတ်နိုင်ငံသို့ လူကုန်ကူးရောင်းစားမှု ဖြစ်ပွား

**မိုင်းဖြတ် မေ ၉**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မေ ၈ ရက် နံနက် ၇ နာရီက ပါယောင်း (၁) ကျေးရွာနေသူ အရွယ်မရောက်သေးသည့် အမျိုးသမီးငယ်နှစ်ဦးကို တရုတ်နိုင်ငံသို့ သွားရောက်ပို့ဆောင်ခဲ့သူများအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲမှူး ရင်ရင်အေးနှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက်က မိုင်းဖြတ်မြို့နယ်၊ ပါဆန်းကျေးရွာနေသူ ဒေါ်မယ်ရွှေးနှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးနန်ရီတို့သည် ပါယောင်း (၁) ကျေးရွာနေ ဒေါ်ပါမွေးနှင့် ဒေါ်ပါကေမွန်တို့နှစ်ဦးထံရောက်ရှိလာပြီး သမီးငယ် မနာလောနှင့် မနာနူးတို့နှစ်ဦးအား တရုတ်နိုင်ငံသား နှစ်ဦးနှင့် လက်ထပ်ပါက တရုတ်ယွမ်ငွေ သုံးသောင်းရမည်ဖြစ်ပြီး လက်ရှိနေအိမ်အား အသစ်ပြန်လည်တည်ဆောက်ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့ကြောင်း၊ ထို့နောက် ဒေါ်မယ်ရွှေးနှင့်အတူ လိုက်ပါသွားခဲ့ရာ တရုတ်နိုင်ငံ မိုင်းလုံးမြို့သို့ ရောက်ရှိခဲ့ပြီး မိခင်နှစ်ဦးကို ယွမ်ငွေ ၃၂၀၀စီနှင့် ၎င်း၏ခင်ပွန်း ဦးနန်ရီက ယွမ်ငွေ ၆၀၀၀၀ ကိုယူ၍ ပြန်လာခဲ့ကြောင်း၊ ထို့နောက် မိုင်းလုံမြို့မှတစ်ဆင့် ဒေါ်မယ်ရွှေးက အမျိုးသမီးငယ်နှစ်ဦးနှင့်အတူ တရုတ်နိုင်ငံ ခွေးမင်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အရွယ်မရောက်သေးသည့် အမျိုးသမီးငယ်နှစ်ဦးအား တရုတ်နိုင်ငံသားနှင့် လက်ထပ်ပါက ချမ်းသာစွာနေရမည်ဟု စည်းရုံးပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားသူ ဒေါ်ပါမွေး၊ ဒေါ်ပါကေမွန်၊ စည်းရုံးစေခိုင်းသူ ဦးနန်ရီတို့ကို မိုင်းဖြတ်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ပြီး တရုတ်နိုင်ငံသားများထံ ရောင်းစားခဲ့သူ ဒေါ်မယ်ရွှေးမှာ ထွက်ပြေးနေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ဒေါ်မယ်ရွှေးအား ဖမ်းဆီးရရှိနိုင်ရေးနှင့် အမျိုးသမီးငယ်နှစ်ဦးအား ကယ်တင်နိုင်ရေးအတွက် ပူးပေါင်းအဖွဲ့များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ အမျိုးသမီးတစ်ဦး မိုးကြိုးထိမှန်၍ သေဆုံး

**ချောင်းဆုံ မေ ၉** - ချောင်းဆုံမြို့နယ် ဆယ်ပလာကျေးရွာ ကွင်းအမှတ် (၇၃၀) တွင် မိုးကြိုးထိမှန်၍ ဒေါ်သန်းခင် (၅၈ နှစ်) သည် ယနေ့နံနက် ၂ နာရီခန့်က သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးသည် ညောင်လန်းကျေးရွာအကွက် (၂) တွင် နေထိုင်သူဖြစ်ပြီး လယ်တဲတွင်အိပ်ပျော်နေစဉ် မိုးကြိုးထိမှန်သေဆုံးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုံရွာမြို့ မွေးမြူရေးဇုန်တွင် မီးလောင်မှုကြောင့် နေအိမ် အလုံး ၂၀၊ ကြက်ခြံ ၃၄ ခြံ ဆုံးရှုံး

**မုံရွာ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ကျောက်ဆစ်ပုံ (တ) ရွာအုပ်စု မွေးမြူရေးဇုန်တွင် မေ ၈ ရက်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၈ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်က မုံရွာမြို့နယ် ကျောက်ဆစ်ပုံ (တ) ရွာအုပ်စုရှိ ကနီမြို့နယ် နတ်ကြီးကျေးရွာနေသူ ဦးတင်မောင်ထွေး ပိုင်ဆိုင်သော ကြက်မွေးမြူရေးဇုန်တွင် မီးလောင်မှုဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်မှူး ရဲမှူးကြီး လေးစိုး ဦးစီးအဖွဲ့၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်မွေးမြူရေးခြံ လုပ်သားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ် အလုံး ၂၀၊ ကြက်ခြံ ၃၄ ခြံ၊ ကြက်ကောင်ရေ ၁၀၁၃၅ ကောင် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **လှအောင်(ကသာ)**

## ညောင်လေးပင်၌ တွဲယာဉ်အား ဆိုင်ကယ်က ဝင်တိုက်၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ညောင်လေးပင် မေ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မြောက်ဘက်အထွက် သရက်ကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် ၈၇/၀ နှင့် ၈၇/၁ အကြားတွင် မေ ၈ ရက် ညနေပိုင်းက လမ်းဘေးတွင်ရပ်ထားသော ၂၂ ဘီးတွဲယာဉ်ကို ဆိုင်ကယ်မှ ဝင်တိုက်မိပြီး ဆိုင်ကယ်မောင်းသူတစ်ဦး အခင်းဖြစ်နေရာတွင် သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးဘက်သို့ ညောင်လေးပင်မြို့နေသူ မင်းမင်းဌေး (၃၀ နှစ်) မောင်းနှင်ပြီး နောက်တွင် ညောင်ပင်သာမြို့ ရွာမ ၂ လမ်းနေသူ ကိုဇော်(၄၀ နှစ်) နှင့် မအူပင်မြို့နေသူ ဖြိုးဝေကျော် (၂၂နှစ်)တို့ စီးနင်းလိုက်ပါလာသော ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ရပ်ထားသော အင်းစိန်မြို့ဖော့ကန် ၂ လမ်းနေသူ ယာဉ်မောင်း ဦးမျိုးကြည်၏ YGN/---- ၂၂ ဘီးယာဉ်ကို နောက်မှ ဝင်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းသူ မင်းမင်းဌေးတွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ကိုဇော်နှင့် ဖြိုးဝေကျော်တို့တွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မင်းမင်းဌေးအား ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## ရေစကြိုမြို့တွင် ရေမော်တာမိန်းခုံမှ အပူလွန်ကဲကာ မီးလောင်

**ရေစကြို မေ ၉**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ် (၁) ရပ်ကွက် နဂါးရုံရပ်ရှိ ဦးဇော်ဝင်း (မဟာမိတ်ကွမ်းယာ) ဆိုင်ရှိ ရေမော်တာမိန်းခုံမှ အပူလွန်ကဲကာ မေ ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ကွမ်းယာဆိုင်နှင့် ဆိုင်၏ တောင်ဘက်တွင်ရှိသော ၂၂ ပေ ပတ်လည်ရှိ သွပ်မိုးထရံကာ ပညာရေး ဘော်ဒါဆောင် အဆောက်အအုံတစ်ခုတို့ မီးလောင်ပျက်စီးခဲ့သည်။

မီးလောင်မှုအား မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် လေးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်းသိရသည်။

**အိမွန်ဆွေ(ရေစကြို)**



## မင်္ဂလာဒုံနှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန် (အရှေ့) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်း၌ ဂျွန်အာယု၊ ဇော်မင်းအောင်နှင့် မသဲအိဖြူတို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၉ ရက် နံနက် ၅ နာရီတွင် မူးယစ်တပ်ဖွဲ့စု (၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့ ရင်းမှီးရပ်ကွက် ပင်လောင်း - နေပြည်တော် သွားလမ်းဆုံတွင် စိုင်းနော်မိန်း မောင်းနှင်ပြီး မနန်းဖွေးစံ လိုက်ပါလာသည့် မော်တော်ယာဉ်ရောက်ရှိလာ၍ ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ (**အပေါ်ပုံ**) သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်၊ မစိုးရိမ်တိုက်သစ်၊ စာအောင်ဆု ထာဝရငွေပဒေသာပင်ကျပ်သိန်း တစ်သောင်းစီမံကိန်း စတင်အကောင်အထည်ဖော်လျက်ရှိပါသည်

**ဆက်သွယ်လှူဒါန်းရန်-**

(၁) နာယကဆရာတော်များ ဖုန်း-09-2002625(4-3)
(၂) ဦးလှအောင်(ဂေါပက) ဖုန်း-09-2003229
(၃) ဦးမြဇော်(ဂေါပက) ဖုန်း-09-2007364
(၄) ဦးသန်းငွေအောင်(ဂေါပက) ဖုန်း-09-2009790
(၅) ဦးကင်းဝန်(ဂေါပက) ဖုန်း-09-5302137
(၆) ဦးကျော်ဇေယျ(ဂေါပက) ဖုန်း-09-2003855

အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်)သတင်းစာများမှ ဖော်ပြပေးသွားပါမည်။

**ဧပြီလအလှူရှင်စာရင်း**

| | | |
|---|---|---|
| ၁။ | ဦးမောင်ကို-သီရိသုဓမ္မသီဂီဒေါ်ရွှေဥ ထာဝရကုမ္ပဏီနှင့်ရွှေဥသြ ရွှေဆိုင်မိသားစု မန္တလေးမြို့ | 1000000 |
| ၂။ | ဘိုးဘွားများနှင့်ဖခင်ဦးရဲမြင့်အားရည်စူး၍ မစောမိုးဝါ ဒဂုံသီရိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | 200000 |
| ၃။ | ကွယ်လွန်သူ ခမည်းတော် ဦးချစ်ဖေနှင့်သမီးမခင်လှကြည်တို့ အားရည်စူး၍အရှင်ရေဝတမယ်တော်ကြီး ဒေါ်ဒေါ်ကျင်နှင့် သားသမီးမြေးမြစ်မောင်နှမတစ်စု ဆွာမြို့နယ်၊ ကြာအင်းကုန်း | 200000 |
| ၄။ | ကွယ်လွန်သွားကြပြီဖြစ်သော နှစ်ဖက်မိဘများဖြစ်သည့် ဦးအောင်ဖေ-ဒေါ်လှမြိုင်၊ ဦးလှအောင်-ဒေါ်ခင်ရီနှင့် ဇနီးဒေါ်မြင့်မြင့်သန်းတို့အားရည်စူး၍ ဦးရဲညွန့်မိသားစု အောင်ချမ်းသာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ဘားအံမြို့ | 150000 |
| ၅။ | ဒေါက်တာအောင်ကျော်မိုး-ဒေါ်ရင်ရင်နွယ်မိသားစု င/၁၁၊ ၂လမ်း၊ ကျွဲဆည်ကန် မန္တလေးမြို့ | 120000 |
| ၆။ | ဖခင်ဦးတင်ညွန့်-မိခင်ဒေါ်သန်းတင်တို့အားရည်စူး၍မနွယ်နွယ်တင် ရန်ကုန်မြို့ | 100000 |
| ၇။ | ဒေါ်မြအေး(၈၂)နှစ်ပြည့်မွေးနေ့အလှူ တဲတော်ရာရပ်၊ တံတားဦးမြို့ | 100000 |
| ၈။ | ဦးသက်နိုင်-ဒေါ်ချိုမိသားစု အမှတ်(၅၈)၊ ပြည်တော်သာ ၅လမ်း၊ ရုံးကြီးရပ်၊ ပဲခူးမြို့ | 100000 |
| ၉။ | ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ မိခင်ဆရာမဒေါ်ခင် စန်းဝင်း၊ သား ကိုစွမ်းရည်အောင်၊ သမီး မပန်ပြည့်မွန်မိသားစု မိတ္ထီလာမြို့ | 100000 |
| ၁၀။ | ဖခင်ကြီး ဦးပင်-မိခင်ကြီးဒေါ်ကြင်မွေး၊ အစ်ကိုကြီးဦးလှဝင်း တို့အားရည်စူး၍ ဦးအောင်ကြီး-ဒေါ်ခလိန်ဆေးမိသားစု ကျုံပျော်မြို့ | 100000 |
| ၁၁။ | နှစ်ဖက်သောမိဘများနှင့် ဦးအေးသိန်းအားရည်စူး၍ဒေါ်ဝင်းကြည်(ပီပီ) မိသားစု အမှတ် ၄၉၀၊ ကြည်တော်ကုန်း(က)၁-လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့ | 100000 |
| ၁၂။ | ဦးစင်ကြယ်-ဒေါ်ကြင်မွေး မိသားစု အောင်သာယာမြို့သစ် မန္တလေးမြို့ | 100000 |
| ၁၃။ | ကွယ်လွန်သူမိဘများနှင့်ခင်ပွန်းဦးအောင်မြင့်(စက်မှု-၁၊ ငြိမ်း၊ ဗားဂျီးနီးယားဆေးလုပ်ငန်း)(၆)နှစ်ပြည့်အားရည်စူး၍ ဇနီး ဒေါ်အေးအေးမော်(သမဝါယမဦးစီးဌာန)မြင်းခြံမြို့ | 100000 |
| ၁၄။ | ဦးကျော်ဟန်-ဒေါ်ခင်မျိုးတင့် (PLDMT) မိသားစု အမှတ် ၆၃/က၊ ၂၀+၂၁လမ်းကြား၊ ၈၃-လမ်း၊ မန္တလေးမြို့ | 100000 |
| ၁၅။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးဘသင်-ဒေါ်စောဘီ၊ အစ်ကို ဦးငွေအောင်တို့အားရည်စူး၍ ဦးမိုးညို-ဒေါ်သီသီအောင် မိသားစု အမှတ် ၁၆၊ သီရိဂုဏ်ရည်ခြံ၊ အနောက် ဈေးဟောင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၁၆။ | ဒေါ်သန်းမြ မိသားစု မင်္ဂလာရပ်၊ ၇လမ်း၊ပျဉ်းမနားမြို့ (ဒုတိယအကြိမ်) | 100000 |
| ၁၇။ | ဦးကျော်-ဒေါ်တင်ဦးတို့အားရည်စူး၍ ဒေါ်ရီရီလွင်မိသားစု အမှတ် ၃၊ လက်ခုပ်ပင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၁၈။ | ဒေါ်ကြည်ရွှင်မိသားစု ရန်ကြီးအောင်မြပွဲရုံ ပွဲကုန်းရပ်၊မန္တလေးမြို့ | 100000 |
| ၁၉။ | ဒေါ်ခင်သန်း(ငြိမ်း)မိသားစု မဟာမြိုင် ၂၊ မန္တလေးမြို့ | 100000 |
| ၂၀။ | ဦးသောင်းထိုက်-ဒေါ်တင်တင်မာ၊ သား မောင်ငြိမ်းလင်းထိုက်(ခ) မောင်ဆက်ကောင်းထွဋ်၊သမီးမယမင်းသောင်းထိုက်အောင် မိသားစု (၃၇)ရပ်ကွက်၊ မင်းဘူးလမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၁။ | မန္တလေးမြို့၊ ဈေးချိုတော် သစ်သီးတန်း၊ပန်းတန်း၊ပဒေသာရုံ ကမ္ဘာကျော်ရုံ ငါးခြောက်ရုံနှင့် ပြင်ဦးလွင်မြို့ မိုးကုတ်ရိပ်သာ ယောဂီများ | 100000 |
| ၂၂။ | ကိုအောင်မြတ်ကျော် (၃၆)နှစ်ပြည့်အလှူ ဗိုလ်လေးလမ်း၊ (၃)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း၊ ရန်ကုန်မြို့ | 50000 |
| ၂၃။ | ဦးရဲမြင့်အားရည်စူး၍ ဇနီးဒေါ်စောရင်မိသားစုကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | 30000 |
| ၂၄။ | ဦးလှတိုး-ဒေါ်သင်းသင်းဆွေမိသားစု သုဝဏ္ဏ၊ ရန်ကုန်မြို့ | 30000 |
| | | 3380000 |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ် ရဲတပ်ဖွဲ့တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် (၆)ခန်းတွဲ (၂)ထပ်သံကူကွန်ကရစ် (၁)လုံး (၅၀%)အစား ဒေသအဆောက်အအုံဖြစ်သည့် (သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ) (၄)ခန်းတွဲ (၁)ထပ် (၂)လုံးနှင့် အရာရှိလုံးချင်း (၁)ထပ်(၁)လုံး ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်တွင်းနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၅-၂၀၁၉ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၆-၅-၂၀၁၉ရက်
(ဂ) **ကုမ္ပဏီ၏အချက်အလက်တင်ပြရန် နောက်ဆုံးရက်** - ၂၆-၅-၂၀၁၉ရက်
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂၇-၅-၂၀၁၉ရက်
(င) **တင်ဒါဖွင့်မည့်အချိန်** - နံနက် ၁၀:၀၀နာရီ

၃။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ် (၁၀၀၀၀)နှုန်းဖြင့် ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ပံ့ဌာနတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၇၄-၂၅၂၉၅၀၃၊ ၀၇၄-၂၅၂၉၅၀၄၊ ၀၉-၄၂၀၇၇၀၃၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး**

## ASEAN Foundation ၏အမှုဆောင်ဒါရိုက်တာ (Executive Director) ရာထူးနေရာအတွက်လျှောက်လွှာခေါ်ယူခြင်း

**လုပ်ငန်းတာဝန်**

* အမှုဆောင်ဒါရိုက်တာသည် အဖွဲ့အစည်းအတွက်ခေါင်းဆောင်မှုနှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေးနိုင်ရမည်။
* အဖွဲ့အစည်း၏ရေတို-ရေရှည်လုပ်ငန်းများရေးဆွဲမှုနှင့် အကောင်အထည်ဖော်ရေးကို ဦးဆောင်ရပါမည်။
* မူဝါဒများ၊ ဘဏ္ဍာရေးနှင့်ဝန်ထမ်းပိုင်းဆိုင်ရာ ကိစ္စရပ်များအပါအဝင် ASEAN Foundation အုပ်ချုပ်မှုလုပ်ငန်းလည်ပတ်မှုဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲရပါမည်။
* ASEAN Foundation မှ ကမကထပြုဆောင်ရွက်သည့် အစီအစဉ်များ စဉ်ဆက်မပြတ် တိုးတက်ရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်များ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပြီး ပြင်ပအဖွဲ့အစည်းများနှင့်ကောင်းမွန်သည့် အလုပ်သဘောဆက်ဆံရေးများ တည်ဆောက်နိုင်ရမည်ဖြစ်ပါသည်။

**သတ်မှတ်အရည်အချင်း**

* အာဆီယံအဖွဲ့ဝင်နိုင်ငံသားဖြစ်ရမည်။
* စီးပွားရေးစီမံခန့်ခွဲမှုပညာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ၊ ပြည်သူ့မူဝါဒရေးရာပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ သို့မဟုတ် လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ ကဲ့သို့သော သက်ဆိုင်မှုရှိသည့် ပညာရပ်နယ်ပယ်တစ်ခုခုမှဘွဲ့(သို့မဟုတ်) ဘွဲ့လွန်ဒီဂရီရရှိထားသူများကို ဦးစားပေးစဉ်းစားမည်ဖြစ်ပါသည်။
* ဖော်ပြပါ သက်ဆိုင်ရာနယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၁၀နှစ်နှင့် စီမံခန့်ခွဲမှုအဆင့်တွင် ၅နှစ်လုပ်ငန်း အတွေ့အကြုံရှိရမည်။
* အာဆီယံဆိုင်ရာကိစ္စရပ်များကို ကောင်းမွန်နားလည်သူဖြစ်ရမည်။
* အင်္ဂလိပ်စာကျွမ်းကျင်သူဖြစ်ရမည်။
* ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

**လစာနှင့်ခံစားခွင့်**

* ရွေးချယ်ခံရသူများအနေဖြင့် အခြေခံလစာ အမေရိကန်ဒေါ်လာ 6,000 နှင့်အတူ အခြားခံစားခွင့်များရရှိမည်ဖြစ်ပါသည်။
* အဆိုပါရာထူးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ရုံးစိုက်ရန် ၁၇-၁-၂၀၂၀ ရက်မှစတင်ပြီး ၃နှစ်သက်တမ်းဖြစ်ပါသည်။

**လျှောက်ထားရမည့်ပုံစံ**

* လျှောက်ထားမည့်သူများအနေဖြင့်လျှောက်လွှာပုံစံကိုအာဆီယံ Website http://www/asean.org/opportunities/asec-employment -form တွင်ရယူဖြည့်စွက်၍ စာလုံးရေ(၃၀၀)ထက်မပိုသည့် ASEAN foundation ၏ အမှုဆောင်ဒါရိုက်တာရာထူးလျှောက်ထားခြင်းအတွက် ရေးသားဖော်ပြချက်၊ ကိုယ်ရေးအချက်အလက် အသေးစိတ်ပါရှိသည့် CV/ Passport ဆိုဒ်ဓာတ်ပုံ၊ ပညာရေးဆိုင်ရာ ဘွဲ့လက်မှတ်မိတ္တူမှန်များပူးတွဲလျက် recruitment@aseanfoundation.org သို့ ၂၀-၅-၂၀၁၉ ရက် နောက်ဆုံးထားပေးပို့ပေးရမည်ဖြစ်ပါသည်။
* အသေးစိတ်အချက်အလက်များကို http://www.aseanfoundation.org/job/the-asean-foundation-invites-asean-nationals-to-apply-for-the-following-position-executive-director တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ASEAN foundation**

## ဖခင်အမည်မှန်

လားရှိုးမြို့နယ်၊ အလက(၈)၊ အဌမတန်းမှကွမ်းလုံမြို့နယ်၊ ကောင်းကဲ့ကျေးရွာနေ မောင်စိုင်းလျှန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ခိုင် ၁၃/ကလတ(နိုင်)၀၂၂၈၆၂ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ကလေးမြို့၊ ပင်လုံရပ်ကွက်နေ ဦးထန်ခန့်ခွါလ်၏သမီး မဒိုလျှန်ကျင် ၅/ကလထ(နိုင်)၁၄၀၉၅၅၏ အမည်မှန်မှာ မဒိုလမ်းကျင်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၃-၅-၁၉၇၇ ဖြစ်ပါကြောင်း။

**မဒိုလမ်းကျင်း**

## အမည်ပြောင်း

လားရှိုးမြို့နေ ဦးဟန်ထွန်းဝင်း ၇/ပခန(နိုင်)၂၁၅၇၀၉၏သား မောင်မင်းဟိန်းခန့် ၁၃/လရန(နိုင်)၂၂၂၉၀၀အား မောင်မင်းခန့်မောင်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် သမီး မဇင်လွန်းနွယ်အား မလင်းလက်နေခြည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းခန့်မောင်မောင်၊**
**မလင်းလက်နေခြည်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၄ယ/၆၅၆၇၉ Anbo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆားကျင် ၄/ဖလန(နိုင်)၀၀၃၃၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**

## စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် လက်မှုအနုထည်ပစ္စည်း ပြပွဲ၊ ဈေးရောင်းပွဲ၊ ဟောပြောဆွေးနွေးပွဲ(မုံရွာ)

စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ အသေးစားစက်မှုလက်မှုထုတ်ကုန်ပြပွဲ၊ လက်မှုအနုထည်ပြပွဲ၊ ဈေးရောင်းပွဲနှင့် ဟောပြောဆွေးနွေးပွဲ(မုံရွာ)ကို ၂၉-၅-၂၀၁၉ ရက်မှ ၃၁-၅-၂၀၁၉ရက်အထိ မုံရွာမြို့၊ မြို့တော်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ပြပွဲတွင် အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပစ္စည်းများ ပြသရောင်းချခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဟောပြောဆွေးနွေးပွဲများကျင်းပခြင်း၊ ဖျော်ဖြေရေးနှင့်ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးအစီအစဉ်များ၊ ကြော်ငြာအစီအစဉ်များကို နံနက် ၉:၀၀နာရီမှ ည ၂၀:၀၀နာရီအထိ မည်သူမဆိုလွတ်လပ်စွာ လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

- အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များကို ဆက်သွယ်နိုင်ပါသည်။
- စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း-၀၇၁-၂၆၂၄၈၊ ၀၇၁-၂၆၅၈၀၊ တိုင်းဦးစီးမှူး ဖုန်း-၀၉-၂၅၀၅၇၄၉၄၂၊ ၀၉-၄၂၀၀၅၄၈၇၄၊ ၀၉-၇၈၅၄၃၂၁၂

## ဖခင်အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ မောင်ဇော်ဝင်းထွန်း၏ဖခင် ဦးယန်စီချမ်း၏အမည်မှန်မှာ ဦးရန်ဆီးချန် ဖြစ်ပါကြောင်း။

## အမည်မှန်

လားရှိုးမြို့၊ အထက(၂)မှ နဝမတန်းအောင်မြင်ခဲ့သော မစန္ဒာဝင်း၏ အမည်မှန်မှာ မရန်ချင်ကျိန်းဖြစ်ပြီး ဖခင် ဦးရန်ယီးချန်း၏ အမည်မှန်မှာ ဦးရန်ယီးချန်း ဖြစ်ပါသည်။

## အမည်မှန်

လားရှိုးမြို့၊ အထက(၂)မှ နဝမတန်းအောင်မြင်ခဲ့သော မစုစုလှိုင်၏ အမည်မှန်မှာ မကျောက်တဲ့ဖိန်းဖြစ်ပြီး ဖခင်ဦးကျောက်တုံးကျီး၏ အမည်မှန်မှာ ဦးကျောက်ကုန်ကျီ ဖြစ်ပါသည်။

## တက္ကသိုလ်ဝင်တန်း ကျောင်းသား/သူများအတွက်

၂၀၁၉ ခုနှစ် မေးခွန်းပုံစံသစ်နှင့်အညီ

ရေးသားထားသော...




ပါမောက္ခ ဒေါက်တာခင်ဆန်းဦး

တက္ကသိုလ်ဝင်တန်း

# မြန်မာစာလမ်းညွှန်

(အမေးစုံ အဖြေစုံ သင်ရိုးကုန်)

ဆက်သွယ်မှာကြားရန် - ဂုဏ်ထူးမော်ကွန်းစာပေ

အမှတ်(၃၅၉)၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၂၅၃ ၅၃၇ ၁၃၆
၀၉ ၇၃၀ ၃၁၂၂၉ ၊ ၀၉ ၄၃၁ ၄၁၂၂၉

အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ် ၇၈၈၊ မြေကွက်တည်နေရာအမှတ် ၇၈၈၊ ပြည်သာယာလမ်း၊ ၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးဇင်ညွန့် ၁၂/ဒဂန(နိုင်)၀၁၂၃၃၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးဇင်ညွန့် ကွယ်လွန်သဖြင့် ဒေါ်ဝင်းမာ ၁၂/ရကန(နိုင်)၀၂၆၄၉၀ မှ ဇနီးဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးဇင်ညွန့်၏သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းကို ကွင်းဆင်းစစ်ဆေးရာ အုတ်ကာသွပ်မိုး(၁)ထပ်အိမ်တွင် ဒေါ်ဝင်းမာ ကိုယ်တိုင်နေပြီး ကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ဝင်းမာ၏ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ သတ္တမတန်းမှ စိုင်းထွန်းမိန်း၏ဖခင် ဦးအောင်ပေါင်း၏ အမည်မှန်မှာ ဦးစိုင်းအောင်ပေါင်း ၁၃/သပန(နိုင်)၀၅၂၉၀၈ ဖြစ်ပါကြောင်း။

## အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ သတ္တမတန်းမှ မသဉ္ဇာဝင်းထွေး၏ အမည်မှန်မှာ မတင်ဇာဝင်းထွေး ဖြစ်ပါကြောင်း။

## အမည်မှန်

လားရှိုးမြို့၊ အထက(၆)မှ အဌမတန်း အောင်မြင်ခဲ့သော မဆောင်ကျွမ်းမြေ့၏ အမည်မှန်မှာ မမိုးမမတင်ဖြစ်ပါကြောင်း။


SWEETY HOME
စပရင်မွေ့ရာ ၊ ပရိဘောဂ နှင့် မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုး
NATIONWIDE PROMOTION
PROMOTION PERIOD
10TH MAY TO 30TH JUNE 2019
ဈေးဝယ်ရင်း
ကား ကံစမ်းမယ်
ကျပ် (၅) သောင်းဖိုးဝယ်ယူသူတိုင်း
ကံစမ်းမဲ လက်မှတ်တစ်စောင်ရယူပါ
SUZUKI CIAZ ကားသစ်နှစ်စီးနှင့်
အခြားဆုမဲပေါင်းများစွာ
YANGON
• Showroom (1) No.(2/B) , Kan Nar Road ,Thittaw Qt , Ahlone Tsp; Yangon.Ph - 01 2314196 ,09 971111418
• Showroom (2) No.82 , Ywama Kyaung Road , Hlaing , Yangon. Ph - 01 521255 , 500456 , 09 977919555
• Showroom (3) No.296 , Ayeyarwon Road, Thaketa Tsp; Yangon.Ph - 01 547122 , 551591 , 09 - 977919111
• Showroom (4) Yuzana Plaza 4th Floor , Yagon. Ph - 01 200747 , 205224 , 09 977919444
• Showroom (5) No.3A , Mindama Road , Mayangone Tsp ; Yangon. Ph - 01 9669544 , 09 977919333
• Showroom (6) No.84 , Yadanar Road , 8 Block , South Okkalar Tsp; Yangon . Ph - 01 8550358 , 8550359 , 09 977919222
MANDALAY
• Showroom (1) 35th Road ,between 64th & 65th Street, Mandalay. Ph - 02 2835938 , 09 977919888
• Showroom (2) 33rd Road , between 81th & 82th Street, Mandalay. Ph - 02 60810 , 09 91029989
အမြို့မြို့အနယ်နယ်ရှိ ဆွီတီးဟုမ်း အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူကံစမ်းနိုင်ပါသည်။





## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ် ၆**

မြန်မာရှေ့ဆောင်ဘဏ်လီမိတက် (ငွေအတွက်သိမ်ဖြူဘဏ်ခွဲတာဝန်ခံ ဒေါ်သန်းသန်းရှိန်) **နှင့်** ၁။ ဦးမျိုး ၂။ ဒေါ်စန္ဒာဝင်း

**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး (၁၅)ရုံးတော်၌ တရားမကြီးမှုအမှတ်-၄၅၉/၂၀၁၇ အမှုတွင် ရရှိခဲ့သောအနိုင်ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းကို (၁၃၈၁ ခုနှစ် နယုန်လပြည့်နေ့) ၂၀၁၉ ခုနှစ် ဇွန် ၁၇ရက် နံနက် ၁၀း၀၀ နာရီတွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၃ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ် ၂၁၈/ဂျေ မြေတိုင်းရပ်ကွက်အမှတ် ၁၈ဘီ၊ မြေကွက်အမှတ် ၁/ခ၁၁-၁၊ မြေပိုင်မြေ(လ/န ၃၉ရပြီး) ဧရိယာ ၀ ဒသမ ၀၈၃ဧက မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်နေအိမ်အဆောက်အအုံနှင့် ရေ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၃ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ် ၂၁၈/ဂျေ မြေတိုင်းရပ်ကွက်အမှတ် ၁၈ဘီ၊ မြေကွက်အမှတ် ၁/ခ၁၁-၂၊ မြေပိုင်မြေ(လ/န ၃၉ရပြီး) ဧရိယာ ၀ဒသမ၀၈၃ဧကမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း (၈၀၀၀)**
**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံး ပေးဝယ်ယူမည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ရာခိုင်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့် ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ခုနှစ် မေ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မြင့်စိန်)**
**ဒုတိယခရိုင်တရားသူကြီး(၁၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် 5J/ 6732 MAZDA BT 50 P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၉/ကပတ(နိုင်)၁၀၃၄၉၅ မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၈၂ဧက၊ မြေကွက်အမှတ် (ဉ-၁၆၂၅) ဦးပေါ်ဆန်းမွေး(ခ)ဦးမောင်ဆန်း ၉/ပမန(နိုင်)၂၅၃၇၆၂ (ဘ)ဦးစိုးသိန်း အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်အိဖြူ ၁၄/မအပ(နိုင်)၂၁၆၇၀၆ (ဘ)ဦးညွန့်တင်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

